မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ ၂၀၀၈ခုနှစ်၊ မတ် ၂၈ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၈၀)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပသော ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားစဉ်။

(သတင်းစဉ်)

မှန်မြတ်သော အစဉ်အလာများနှင့် ပြည့်စုံသည့် တပ်မတော်

ဒို့တပ်မတော်ဟာ မျိုးချစ်တပ်မတော်၊ သစ္စာရှိသော တပ်မတော်၊ စည်းလုံးညီညွတ်သော တပ်မတော်၊ စွမ်းရည်ရှိသော တပ်မတော်၊ စွန့်လွှတ်စွန့်စားသော တပ်မတော်၊ စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်၊ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းဦးထိပ်ပန်ဆင်သော တပ်မတော်စတဲ့ မှန်မြတ်တဲ့ အစဉ်အလာတွေနဲ့ ပြည့်စုံတာကြောင့် ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နိုင်ခဲ့တာဖြစ်တယ်။

မသမာသူတွေက ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲအောင် ကြံဆောင်လျက်ရှိသူတစ်ပါးရဲ့ သွေးခွဲမှုကို သတိမထားမိရင် ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ် ကျရောက်လာနိုင် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ် ခိုင်ခိုင်မာမာရှိပြီး အမျိုးသားနိုင်ငံရေးသတိရှိကြဖို့လို

အသက်သွေးချွေးရင်းနှီးပြီး ပြန်လည်ရယူခဲ့ရတဲ့ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တန်ဖိုးထား

နေပြည်တော် မတ် ၂၇

၂၀၀၈ခုနှစ် မတ်၂၇ ရက်တွင် ကျင်းပသော (၆၃)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြွက်ကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ရဲဘော်တို့–

ဒီနေ့ဟာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ဒို့ပြည်သူနဲ့ ဒို့တပ်မတော်က ကိုယ်ပိုင်စွမ်းရည်ကို ပြတ်ပြတ်သားသားပြသပြီး ကမ္ပည်းတင်ခဲ့တဲ့နေ့ဖြစ်တယ်။ တစ်နည်းအားဖြင့် ပြည်သူတစ်ရပ်လုံးက မိမိတို့ရဲ့အမျိုးသားရေးဇာတိမာန်ကို မော်ကွန်းတင်ခဲ့တဲ့နေ့ဖြစ်ကြောင်းလဲ ပြောကြားလိုတယ်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၂၈ ရက်)

နိုင်ငံတော်ကို ကာကွယ်နေသည့် သမိုင်းအစဉ်အလာထွန်းပြောင်သော တပ်မတော်

မျိုးချစ်တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ပေါက်ဖွားလာခဲ့ပြီး တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်ရှိသော တိုင်းရင်းသားမိဘပြည်သူများ၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားသည်။

နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူ့အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် စွန့်လွှတ်စွန့်စား ကာကွယ်စောင့်ရှောက်လာခဲ့သည်မှာ (၆၃)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

တပ်မတော်သည် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းသာယာမှု ဖြစ်ထွန်းရေးအတွက် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး ရရှိစေရန် ဦးစွာဆောင်ရွက်ခဲ့သည်။ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသာယာမှု ရှိလာသည်နှင့်အမျှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်တို့ကို ကွန်ရက်သဖွယ် ချိတ်ဆက်ပြီး ချမှတ်ဖော်ဆောင်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ စသည့် အခြေခံအဆောက်အအုံများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိသည်။ ယင်းသို့ အဘက်ဘက်မှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နိုင်မှုများကြောင့် နိုင်ငံတစ်ဝန်းငြိမ်းချမ်းသာယာမှုများ လွှမ်းခြုံပြီး ပေါင်းစည်းညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်စည်ပင်မှု ရလဒ်ကောင်းများ ဖြစ်တည် ထွန်းကားနေပေသည်။

ယနေ့အချိန်အခါတွင် တပ်မတော်အစိုးရသည် ပြည်သူတို့၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဖော်ဆောင်လျက်ရှိရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေး ကြိုးပမ်းလျက်ရှိသည်။ တပ်မတော်အစိုးရသည် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ပေးသည့်အပြင် ခေတ်သစ်စနစ်သစ်တစ်ရပ်ကို အခြေချပြောင်းလဲနိုင်ရေး တည်ဆောက်ပေးနေခြင်းပင် ဖြစ်သည်။

သို့ဖြစ်ရာ သမိုင်းအစဉ်အလာ ထွန်းပြောင်သော တပ်မတော်သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ကာကွယ်စောင့်ရှောက်ရင်း နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို အစဉ်သယ်ပိုး ထမ်းရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စစ်ကိုင်းတိုင်း မုံရွာတရုတ်တန်းလမ်းဘုရားကြီးရပ်နေ ဒေါ်ကြိုင်၊သားသမီး၊ မြေးမြစ်မိသားစုက ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရား သံစောင်းတန်း အသစ်ဆောက်လုပ်ခြင်းအတွက် အလှူငွေကျပ် ၁၀သိန်းကို ငါးထပ်ကြီးဘုရား ဂေါပက ဥက္ကဋ္ဌ ဗိုလ်မှူးသောင်းရွှေ(ငြိမ်း)၊ အဖွဲ့ဝင် ဦးသောင်းညွန့်နှင့် အတွင်းရေးမှူး ဦးဘတင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်ဆရာအတတ်သင် သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် သတ္တမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၇

ရန်ကုန် ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ကျောင်းသားကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို မေ ၁ ရက်(ကြာသပတေးနေ့) နံနက် ၉နာရီတွင် အဆိုပါကောလိပ်၌ ကျင်းပမည်ဖြစ်သည်။

ထို့ကြောင့် ရန်ကုန် ဆရာအတတ်သင် သိပ္ပံ(ကံဘဲ့) ဖွင့်လှစ်ခဲ့သည့် ၁၉၄၇ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၀) ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ခံကြွရောက်ပါရန်နှင့်ကျောင်းသားကျောင်းသူဟောင်းများ(ပညာရေးကောလိပ် သင်တန်းဆင်းများအပါအဝင်)သည် ဦးနု ဖုန်း-၆၃၈၃၅၅၊ ဦးသာအောင်ကျော် ဖုန်း-၃၉၆၃၁၅၊ ဦးမဲအောင် ဖုန်း-၀၉-၅၁-၄၉၇၉၄၊ ဦးလှထွန်း ဖုန်း-၅၄၈၉၇၉၊ ဦးအောင်ချိန် ဖုန်း-၀၂-၆၄၆၁၄၊ ဦးအေးလွင် ဖုန်း-၂၁၂၉၆၉/၄၀၁၊ ဒေါ်အေးအေးစိုး ဖုန်း-၀၆၇-၄၀၇၃၉၅၊ ဦးရန်နောင် ဖုန်း-၆၄၄-၀၉၈၊ ဒေါ်ယဉ်ယဉ်နွဲ့ ဖုန်း-၅၆၁-၅၆၅၊ ဦးသိန်းလွင် ဖုန်း-၅၅၅၈၉၆၊ ဦးကြည်ဝင်း ဖုန်း-၇၂၀၂၆၉၊ဦးကျော်တင့် ဖုန်း-၅၇၁၃၄၀၊ ဦးစိုးတင့် ဖုန်း-၃၈၉၆၄၇နှင့် ဦးကျော်ဒွေးတို့သို့လည်းကောင်း၊ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းပညာရေး ဦးစီးဌာနများမှ တစ်ဆင့်လည်းကောင်း ဧပြီ ၂၅ရက် (သောကြာနေ့) နောက်ဆုံးထား၍ အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြကြောင်း သိရသည်။ (က-ပ)

ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာပွဲ

ရန်ကုန် မတ် ၂၇

ရန်ကုန်တိုင်း သာကေတမြို့နယ် နတ်မောက် ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း၏ ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလဆရာတော်နှင့် နှစ်ဖက်သော မိဘများအား အမှူးထား၍ အလှူရှင် ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့ အောင် မင်္ဂလာရပ်ကွက်နေ ဆရာကြီး အရပ်ာ ဆရာအောင်-ဒေါ်နှင်းရည် ကျော်မိသားစုက ဧပြီ ၁၁ ရက်တွင် နတ်မောက် ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်းရှိ ကျောင်းသား၁၀၈ဦးတို့အား (၁၅)ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြုအလှူတော် မင်္ဂလာပွဲကို အဆိုပါ ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ဗိုလ်မှူး ညီညီလွင် တပ်မတော်(ရေ) တစ်နှစ်ပြည့်အား ရည်စူး၍ တိုက်၃၀၀ အခန်း ၇ ပျဉ်းမမြိုင်လမ်းသွယ်၁ သုဝဏ္ဏမြို့နယ်နေ ဒေါ်အေးအေးမြင့်က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ပဒေသာပင် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးခင်ငြိမ်း လက်ခံယူစဉ်။(က-ပ)

ကျောင်းတော်ရာဆရာတော် သင်္ကြန်တရားစခန်းပွဲများ

ရန်ကုန် မတ် ၂၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း ရွှေကြက်ယက်ကျောင်းတိုက် လင်းလွန်းပင်ကျောင်း သာသနာပြု နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ကျောင်းတော်ရာအရှင်စန္ဒောဘာသ(ဓမ္မာစရိယ၊ ဝိနယဝိဒူ) အရှင်သူမြတ်သည် တန်ခူးလဆန်း ၆ရက်မှ၁၂ရက်အထိ သင်္ကြန်တရားစခန်းပွဲကို ဧရာဝတီတိုင်း ဖျာပုံမြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၅)၌လည်းကောင်း၊ တန်ခူးလဆန်း ၁၄ရက်မှ တန်ခူးလပြည့်ကျော် ၅ရက်အထိ ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် အကယ်ကြီးရွာ၌ လည်းကောင်း၊ တန်ခူးလပြည့်ကျော်၁၀ရက်မှ ကဆုန်လဆန်း ၂ရက်အထိ ပဲခူးတိုင်း လက်ပံတန်းမြို့နယ် ရွာကန့်လန့်ရွာ၌လည်းကောင်း၊ ကဆုန်လဆန်း ၄ရက်မှ ၁၀ရက်အထိ ပဲခူးတိုင်း လက်ပံတန်းမြို့နယ် အရိုးကုန်းကျေးရွာ၌ လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၈-၃-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာ့သံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၁၅	၄။	မဟာဂီတ ချိုကြည်မြ
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၅၀	၇။	အမျိုးသားရေးတေးကဗျာ
၅း၀၀	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ**(အပိုင်း-၇)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	စေညွှန်ရာလမ်းမများ **တက္ကစီမင်းနှင့်သင်္ကြန်ပွဲတော်**
	၁၉။	စိုက်ပျိုးသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၁၇)

(၂၃)ကြိမ်မြောက် မဟာသင်္ကြန် ၁၀ရက် တရားစခန်း

ရန်ကုန် မတ် ၂၇

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် (၆/၁၀)ရပ်ကွက်ရှိ ညောင်ကန်အေး ရွှေပြည်သာ သာသနာ့ရိပ်သာ၌ (၂၃) ကြိမ်မြောက် မဟာသင်္ကြန် ၁၀ ရက် တရားစခန်းပွဲကို ဧပြီ၈ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

တရားစခန်း ဝင်လိုသူများသည် ဧပြီ၁ရက် ညနေ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး အရုဏ်ဆွမ်း တစ်နပ်လျှင် ငွေကျပ်၆၀၀၀၀၊ နေ့ဆွမ်း တစ်နပ်လျှင် ငွေကျပ်၁၀၀၀၀၀၊ အချို ပွဲတစ်ကြိမ်လျှင် ငွေကျပ် ၃၀၀၀၀၊ တစ်နေ့တာ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲနှင့်အအေး ငွေကျပ် ၁၅၀၀၀၀၊ အအေး တစ်ကြိမ်လျှင် ငွေကျပ် ၁၀၀၀၀နှင့် ဆွမ်းစရိတ် အတွက် တစ်ပါးလျှင် တစ်နပ်စာ ငွေကျပ် ၁၅၀၀ဖြင့် လှူဒါန်းလိုသူများသည် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ(ရွှေဘို) ဖုန်း-၆၁၀၃၆၃၊ ဝေယျာဝစ္စအဖွဲ့မှ ဦးတင်ငွေ ဖုန်း-၆၁၀၉၄၇နှင့် ဦးတင်ဝင်း ဖုန်း-၆၁၁-၁၄၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

* ကျောဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်တို့နှင့် အတူ ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညှော့ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြသည်။

တက်ရောက်

အဆိုပါ ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အနုပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာ သုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြား သံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ အထူး ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

မိုးကောင်းအရိယာဓမ္မာရုံ တရားပွဲ

ရန်ကုန် မတ် ၂၇

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စနိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် တောင်ဥက္ကလာပ ၉ ရပ်ကွက် ၁၁ လမ်းနေ ဓမ္မယောဂီတရားပွဲအလှူရှင် ဒေါ်အေးအေးကြိုင်၏ (၄၃)နှစ်မြောက် မွေးနေ့ ဓမ္မအလှူမင်္ဂလာပွဲတွင် အောင်စကြာဆရာတော် အရှင်စန္ဒသူရိယဆရာတော်က ဧပြီ ၄ ရက် (သောကြာနေ့)တွင် လည်းကောင်း၊ ဆင်ဖြူတောင်ဆရာတော် အရှင်ဂုဏိန္ဒဆရာတော်က ဧပြီ ၅ ရက် (စနေနေ့)တွင် လည်းကောင်း၊ အရှင်အာစာရာလင်္ကာရ(စစ်ကိုင်း) ရွှေဟင်္သာဆရာတော်က ဧပြီ ၆ ရက် (တနင်္ဂနွေနေ့)တွင် လည်းကောင်း ညစဉ် ၆ နာရီခွဲမှစ၍ တရားပွဲများ ကျင်းပပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဆိုမာလီယာနိုင်ငံ၏ အခြေအနေဆိုးရွား အရေးပေါ်အကူအညီများ လိုအပ်လျက်ရှိ

မိုဂါဒစ်ရှူး မတ် ၂၇

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆိုမာလီယာအခြေအနေကို မနက်ဖြန် ဆွေးနွေးမည်ဖြစ်သည်။ ဆိုမာလီယာ နိုင်ငံ၌ လုံခြုံမှု မရှိမှု၊ ငတ်မွတ်မှုတို့ကြောင့် ပြည်သူများမှာ အရေးပေါ် အကူအညီများ လိုအပ်နေသည်။

ယခုအတိုင်းပစ်ထားပါက မကြာမီ ကပ်ဘေးများဆိုက်တော့မည်ဖြစ်ကြောင်း လူသားချင်း ကူညီစောင့်ရှောက်ရေး အဖွဲ့ဝင်များက သတိပေးထားသည်။

အိုးအိမ်စွန့်ခွာ

မြို့တော် မိုဂါဒစ်ရှူးမှ လစဉ် လူ၂၀၀၀၀ထွက်ပြေးနေကြသည်။ ယခုအခါ အိုးအိမ်စွန့်ခွာ ထွက်သွားသူ တစ်သန်းခန့် ရှိပြီဖြစ်ကြောင်း သိရသည်။

တင်သွင်း

အာဖရိကသမ္မတက အီးယူတပ်များအားအစားထိုးရန် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင် ၂၇၀၀၀ စေလွှတ်ရေးအဆိုပြုသည့် အစီရင်ခံစာကို လုံခြုံရေးကောင်စီသို့ ပြီးခဲ့သည့် ရက်သတ္တပတ်က တင်သွင်းခဲ့သည်။

(အင်တာနက်)

အင်ဒီဗား အာကာသလွန်းပြန်ယာဉ် မြေပြင်စခန်းသို့အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်

ကနေဒီ မတ် ၂၇

အမေရိကန် အင်ဒီဗားအာကာသလွန်းပြန်ယာဉ်(အောက်ပုံ)သည် နိုင်ငံတကာအာကာသစခန်းသို့ ရက်ရှည်ခရီးစဉ်ကို သွားရောက်ခဲ့ပြီးနောက် မတ် ၂၇ရက်က ဖလော်ရီဒါရှိ အာကာသယာဉ် မြေပြင်စခန်းသို့ အောင်မြင်စွာ ပြန်လည် ဆင်းသက်နိုင်ခဲ့သည်။

အင်ဒီဗား အာကာသလွန်းပြန်ယာဉ်၏ အဆင်းခရီးမှာ ကနေဒီ အာကာသစခန်း၌ ရာသီဥတုဆိုးရွားမှုကြောင့် အတန်ကြာနှောင့်နှေးခဲ့ရသည်။

တပ်ဆင်ခဲ့

၁၆ရက်ကြာ ခရီးစဉ်အတွင်း အာကာသလွန်းပြန်ယာဉ်နှင့် လိုက်ပါသွားသော အာကာသယာဉ်မှူး အဖွဲ့သည် ဂျပန်သုတေသနဓာတ်ခွဲခန်း၏ ပထမအပိုင်းကိုအထိုင်ချခဲ့ပြီး ကနေဒါ စက်ရုပ်တစ်ရုပ်ကို တပ်ဆင်ခဲ့သည်။

ပြုပြင်မှု

အဆိုပါစက်ရုပ်သည် နိုင်ငံတကာ အာကာသစခန်း၏ အပြင်ပိုင်း ပြုပြင်ထိန်းသိမ်းမှုများကို ဆောင်ရွက်သွားမည် ဖြစ်သည်။

နိုင်ငံတကာ အာကာသစခန်းသို့ လာမည့်မေလတွင် အာကာသလွန်းပြန်ယာဉ်ကို ထပ်မံလွှတ်တင်မည်ဖြစ်ပြီး ကီဘိုအမည်ရှိ ဂျပန်ဓာတ်ခွဲခန်းအတွက် ဘတ်စ်ကားအရွယ်ရှိ အဓိက အစိတ်အပိုင်းကိုသယ်ဆောင်သွားမည် ဖြစ်ကြောင်းသိရသည်။

(အင်တာနက်)

တီဘီရောဂါကို အမြစ်ပြတ်တိုက်ဖျက်သွားရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်းဆော်ဩ

ဂျိနီဗာ မတ် ၂၇

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တီဘီရောဂါကို အမြစ်ပြတ် တိုက်ဖျက်သွားရန် မတ် ၂၄ရက်တွင် တိုက်တွန်း ဆော်ဩလိုက်သည်။

ကုသမှု

မိမိတို့သည် လူနာများအား ပြုစုစောင့်ရှောက် ကုသရာတွင် အထိရောက်ဆုံး ကုသမှုများ ပြုလုပ်ပေးခြင်းဖြင့် တီဘီရောဂါ ပြဿနာကို အမြစ်ပြတ်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မတ်၂၄ရက်တွင်ကျရောက်သော ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ဘန်ကီမွန်းက တိုက်တွန်းလိုက်သည်။

တိုက်တွန်း

တီဘီရောဂါကို တိုက်ဖျက်ရာတွင် အလှူရှင်များ၊ သုတေသနပညာရှင်များ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူနာနှင့်လူနာမိသားစုဝင်များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က တိုက်တွန်းလိုက်သည်။

ကုလသမဂ္ဂအနေဖြင့် ဇွန်လတွင် အိတ်ချ်အိုင်ဗွီ၊ တီဘီရောဂါဖိုရမ်ကို ကျင်းပသွားမည်ဖြစ်ကြောင်း ဘန်ကီမွန်းကကြေညာသည်။ ယင်းဖိုရမ်တွင် အိတ်ချ်အိုင်ဗွီကြောင့် တီဘီရောဂါဖြစ်ကာ သေဆုံးရခြင်း အကြောင်းကို အဓိက ဆွေးနွေးကြမည်ဟုဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

အင်ဒိုနီးရှားနိုင်ငံ ဆူမတြာကျွန်းပေါ်ရှိ ပီကန်ဘာရူမြို့အနီးမှ ရမ်ဘိုင်းခရိုင်အတွင်း ကျေးရွာတစ်ရွာ၌ ရေလွှမ်းမှု ဖြစ်ပေါ်နေသည်ကို မတ် ၂၆ရက်က ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

လေယာဉ် ပျံသန်းနေစဉ်အတွင်း ဖုန်းဆက်သွယ် အသုံးပြုနိုင်တော့မည်

လန်ဒန် မတ် ၂၇

ဥရောပလေကြောင်းလိုင်းများတွင် လေယာဉ်ပျံသန်းနေစဉ်အတွင်းလေယာဉ်ပေါ်မှ မိုဘိုင်းလ်ဖုန်းဆက်သွယ်အသုံးပြုမှုကို ဗြိတိသျှလေကြောင်း ကုမ္ပဏီဖြစ်သည့် အော့ဖ်ကွန်းက သဘောတူ ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း မတ် ၂၆ရက်၌ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသုံးပြုနိုင်မည်

ဗြိတိသျှလေကြောင်း မှတ်ပုံတင်ထားသော လေကြောင်းလိုင်းအားလုံးသည် အမြင့်မီတာ ၃၀၀၀တွင် မိုဘိုင်းလ်ဖုန်း ဆက်သွယ်အသုံးပြုနိုင်တော့မည် ဖြစ်ကြောင်း ယင်းကုမ္ပဏီက ပြောကြားသည်။ အော့ဖ်ကွန်းကုမ္ပဏီသည် ၂၀၀၇ခုနှစ် အောက်တိုဘာလမှစပြီး အဆိုပါစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ပြောကြား

လေယာဉ်ပျံသန်းနေစဉ်အတွင်း မြေပြင်နှင့်ဝေဟင်တို့အကြား အပြန်အလှန်ဆက်သွယ်ပြောဆိုနိုင်ရန် လေယာဉ်ဝန်ထမ်းများအား သင်တန်းများ ပို့ချပေးသွားရန်လိုကြောင်း ဗြိတိသျှလေကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ဈေးနှုန်း

သို့သော်လည်း အဆိုပါ ဖုန်းဝန်ဆောင်ခပေးရမှုမှာ မြေပြင်တွင် ဆက်သွယ်အသုံးပြုမှုထက် ဈေးနှုန်းပို၍ကုန်ကျနိုင်ကြောင်း ကုမ္ပဏီက ပြောကြားသည်။

(အင်တာနက်)

ဗီယက်နမ် အလုပ်ပွဲစားနှစ်ဦး လက်မှတ်တုများကြောင့် မလေးရှား၌ ဖမ်းဆီးခံရ

ကွာလာလမ်ပူ မတ် ၂၇

ဗီယက်နမ်မှ အလုပ်သမားများကို မလေးရှားနိုင်ငံ၌ အလုပ်လုပ်ကိုင်ခွင့်ရရှိရန် အရည်အချင်းအတွက် လက်မှတ်တုများ ထုတ်ပေးခဲ့သော စုံတွဲတစ်တွဲကို မလေးရှားလူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက ဖမ်းဆီးလိုက်ပြီး ဆက်စပ်ကုမ္ပဏီ လေးခုလည်း နာမည်ပျက်စာရင်း သွင်းလိုက်ကြောင်း လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနညွှန်ကြားရေးမှူး အီဟတ်မိုဟာမက်က ပြောကြားသည်။

အသက်၂၉နှစ်ရှိအမျိုးသားတစ်ဦးနှင့်အသက်၃၈နှစ်ရှိ အမျိုးသမီးတစ်ဦးတို့အား မတ် ၂၆ရက်က ပူထရာဂျားယားပြည်နယ် လူဝင်မှုကြီးကြပ်ရေး ဂိတ်ပေါက်တွင်လက်မှတ်အတုများဖြင့် ဝင်ရောက်ရန် ကြိုးစားခဲ့၍ ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။

ဖမ်းဆီးခံရသော အဆိုပါစုံတွဲသည် ဗီယက်နမ်ရှိ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ ကိုယ်စားလှယ်များ ဖြစ်သည်။

ယင်းအတွက်ကြောင့် ဗီယက်နမ်ရှိ ပြည်ပအလုပ်အကိုင် ရှာဖွေရေး ကုမ္ပဏီလေးခုနှင့် ဒါရိုက်တာများအား နာမည်ပျက်စာရင်း သွင်းလိုက်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဝအမောပြေ

ဉာဏ်ကြီးရှင် ကွန်ပျူတာ....

အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော လူငယ်တစ်ဦးက ပြဿနာများကို ဖြေရှင်းပေးနိုင်သော စူပါကွန်ပျူတာအား မေးမြန်းခဲ့သည်။

လူငယ် ။ ။ ကျွန်တော်အခက်အခဲတွေ အများကြီး ရင်ဆိုင်နေရပါတယ်။

စူပါကွန်ပျူတာ ။ ။ မင်းလိုချင်တာ သုံးခုပြောပါ၊ ဖြည့်ဆည်းပေးမယ်။ ဒါပေမယ့် ငါလိုချင်တာတစ်ခုကိုလည်း မင်းဖြည့်ဆည်းပေးရမယ်။

လူငယ် ။ ။ ရပါတယ်၊ ကတိပေးတယ်။

စူပါကွန်ပျူတာ ။ ။ ဒါဆိုရင် မင်းဆန္ဒရှိရာ သုံးခုပြောပါ။

လူငယ် ။ ။ ဒေါ်လာ ၁၀သန်း၊ တိုက်အိမ်တစ်လုံးနဲ့ ဇိမ်ခံကားတစ်စီး လိုချင်ပါတယ်။

စူပါကွန်ပျူတာ ။ ။ ဘဏ်မှာ ဒီချက်လက်မှတ်နဲ့ ဒေါ်လာငါးသန်းထုတ်ပြီး မင်းဆန္ဒ ဖြည့်ဆည်းပေတော့။

လူငယ် ။ ။ ဝမ်းသာလိုက်တာ… ဒါနဲ့ စူပါကွန်ပျူတာကိုရော ကျွန်တော် ဘာပြန်လုပ်ပေးရမလဲ။

စူပါကွန်ပျူတာ ။ ။ အဲဒီငွေတွေအားလုံး ငါ့ကိုပြန်လှူခဲ့ပါ။

လူငယ် ။ ။ ‘‘ဗျာ’’

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

အမျိုးသမီးများ ကြွက်သား အားကောင်းစေရန် ပရိုတိန်းဓာတ်ပါသော အစားအစာများ ပို၍စားသုံးသင့်

ဝါရှင်တန် မတ် ၂၇

အသက်အရွယ်ကြီးသော အမျိုးသမီးများသည် ကြွက်သားဆုံးရှုံးမှုပြန်လည်ပြည့်တင်းလာစေရန် ပရိုတိန်းဓာတ်ကြွယ်ဝသောအစားအစာများကို ပိုမိုစားသုံးပေးသင့်ကြောင်း သုတေသနပြု ဆန်းစစ်လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

အမျိုးသားနှင့်အမျိုးသမီး ခန္ဓာကိုယ်များအတွင်း ဇီဝရုပ် ဖြစ်ပျက်မှုကို နှိုင်းယှဉ်ကြည့်ရာတွင် အမျိုးသမီးများသည် အသက်အရွယ် ကြီးလာသည့်အခါ ပရိုတိန်းဓာတ်ပါသော အစားအစာများ စားသုံးမှုနည်းလျှင်ခန္ဓာကိုယ်အသားအရေတောင့်တင်းမှု၊ ကြွက်သား မာကျောကောင်းမွန်မှု နည်းပါးကြောင်း အသက် ၆၅နှစ်မှ အသက် ၈၀ အတွင်း အမျိုးသား၊ အမျိုးသမီး ၂၉ ဦးတို့အား လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

တင်ပြ

အသက် ၆၅နှစ်ကျော် ရှိလာပြီဖြစ်သော အမျိုးသမီးများသည် အသားနှင့်ကြက်ဥတို့ကို ပို၍စားသုံးပေးသင့်ပြီး လေ့ကျင့်ခန်းမှန်မှန် လုပ်ပေးသင့်ကြောင်း **(ယာပုံ)** သုတေသနအဖွဲ့က လေ့လာတင်ပြထားသည်။

အမျိုးသားများသည် ကြွက်သားများအတွင်း ပရိုတိန်းဓာတ်ကို သိုလှောင်ထားနိုင်ခြင်းကြောင့် ကြွက်သားအား ပို၍အားကောင်းသည်ဟု ဆိုသည်။

အကြံပြု

အမျိုးသမီးများအနေဖြင့် ကြွက်သားများ ပြန်လည် အားကောင်းလာစေရန် ပရိုတိန်းဓာတ်ပါသော အစားအစာများကို ပိုမိုစားသုံးပေးရန်အကြံပြုတင်ပြထားသည်။ **(အင်တာနက်)**

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၇-၃-၂၀၀၈

ဘရာဇီးနှင့် တရုတ်အာကာသနည်းပညာ ပူးပေါင်းမည်

ဘရာဇီးနိုင်ငံ၏ အာကာသအေဂျင်စီ(ဘီအက်စ်အေ)အနေဖြင့် တရုတ်အာကာသသိပ္ပံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘရာဇီးအရာရှိများက ပြောကြားသည်။

ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် တရုတ်နိုင်ငံ၏ အာကာသသိပ္ပံနည်းပညာများနှင့် ဘရာဇီး၏ အာကာသနည်းပညာများကို အပြန်အလှန်ဖလှယ် အသုံးပြုသွားခြင်းဖြင့် ဘရာဇီးနိုင်ငံ၏ ဂြိုဟ်တုများ လွှတ်တင်ရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၄င်းတို့က ပြောကြားသည်။

၂၀၁၁ခုနှစ်၌ ကမ္ဘောဒီးယားက ရေနံထုတ်လုပ်မည်

ကမ္ဘောဒီးယားနိုင်ငံက လာမည့် ၂၀၁၁ခုနှစ်၌ ရေနံစတင်ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်း ကမ္ဘောဒီးယားအရာရှိများက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ ကမ်းလွန်၌ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်ခြောက်ခုတွေ့ရှိထားပြီးဖြစ်ရာ မိမိတို့မကြာမီ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ထုတ်ယူနိုင်တော့မည်ဟု ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ် ဆို့စ်အင်က ပြောကြားသည်။

ဗီယက်နမ်မှဆန်များ ဖိလစ်ပိုင်ဝယ်ယူမည်

ဗီယက်နမ်နိုင်ငံမှ ဆန်များကို ဖိလစ်ပိုင်က ဝယ်ယူရေးအတွက် နှစ်နိုင်ငံအရာရှိများက သဘောတူလက်မှတ်ရေးထိုးလိုက်ကြသည်။ ဖိလစ်ပိုင်၌ဆန်ဖူလုံစေရန်အတွက် ဗီယက်နမ်မှ ဆန်မက်ထရစ်တန်ချိန် တစ်သန်းခွဲကို ယခုနှစ်အတွင်း ဝယ်ယူဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။

အာရပ်ထိပ်သီး အစည်းအဝေး လက်ဘနွန် မတက်ရောက်

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တွင် ကျင်းပမည့် အာရပ်ထိပ်သီးအစည်းအဝေးကို မိမိတို့တက်ရောက်မည် မဟုတ်ကြောင်း လက်ဘနွန်အရာရှိများက ပြောကြားလိုက်သည်။

အာရပ်ထိပ်သီး အစည်းအဝေးကို မတ် ၂၉ရက်နှင့် ၃၀ရက်များ၌ ကျင်းပမည်ဖြစ်ရာ လက်ဘနွန်အကျပ်အတည်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာဆုံးဖြတ်ချက်ချနိုင်မည် မဟုတ်သဖြင့် မတက်ရောက်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ချက်သမ္မတ အီဂျစ်သို့ အလည်အပတ် ခရီးသွားရောက်မည်

နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန်အတွက် ချက်သမ္မတ ဗက်လက်ကလပ်စ်အနေဖြင့် လာမည့်ဧပြီလဆန်းတွင် အီဂျစ်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်မည်ဖြစ်ကြောင်း ချက်သမ္မတနိုင်ငံမှ အရာရှိများက ပြောကြားသည်။

ဧပြီ၇ရက်၌ အီဂျစ်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်ရန် စီစဉ်ထားရာ ယခုခရီးစဉ်မှာ ၁၉၉၄ခုနှစ်က အီဂျစ်သမ္မတမူဘာရက် ချက်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပြီးနောက် ချက်သမ္မတ၏ ပထမဆုံး ခရီးစဉ်ဖြစ်သည်။

ရုရှားဂျက်တိုက်လေယာဉ် နှစ်စင်း မလေးရှားသို့ပေးအပ်

ရုရှားနိုင်ငံလုပ် ဂျက်တိုက်လေယာဉ်နှစ်စင်းကို မလေးရှားနိုင်ငံသို့ လွှဲပြောင်းပေးအပ်လိုက်ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

အဆိုပါ ဂျက်တိုက်လေယာဉ်နှစ်စင်းမှာ မလေးရှားလေတပ်အတွက် ၂၀၀၃ခုနှစ်က ချုပ်ဆိုခဲ့သော အမေရိကန်ဒေါ်လာ သန်း ၉၀၀ တန် စာချုပ်၏ အစိတ်အပိုင်းတစ်ရပ်ကို ဖြည့်ဆည်း အကောင်အထည်ဖော်ခြင်း ဖြစ်သည်။

အင်ဒိုနီးရှား၌ အားကစားသမားများအတွက် အထူးဆေးရုံ တည်ဆောက်မည်

အင်ဒိုနီးရှားနိုင်ငံ၌ ပြေးခုန်ပစ်အားကစားသမားများအတွက် အထူးသီးသန့်ဆေးရုံတစ်ရုံ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

အဆိုပါ ဆေးရုံကို ဂျကာတာမြို့အရှေ့ပိုင်းတွင် အမေရိကန် ဒေါ်လာ ၂၁သန်း အကုန်အကျခံ တည်ဆောက်သွားမည်ဖြစ်ပြီး အားကစားသမားများ အရေးပေါ် ဒဏ်ရာရရှိမှုအတွက် အထူးကုသပေးမည် ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပေကျင်း၌ မာလာဝီသံရုံး ဖွင့်လှစ်

တရုတ်နိုင်ငံ ပေကျင်းမြို့၌ မာလာဝီနိုင်ငံသံရုံးကို စတင်ဖွင့်လှစ်လိုက်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အဆိုပါ သံရုံးဖွင့်ပွဲသို့ မာလာဝီသမ္မတဘင်ဂူဝါမူသာရီကာတက်ရောက်အဖွင့်အမှာစကား ပြောကြားရာ၌ တရုတ်နိုင်ငံနှင့်သံတမန်ဆက်ဆံရေး အထူးကောင်းမွန်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

နိုင်ငံတကာမှုခင်းဖြစ်ရပ်

အတွေးရိုင်းကို ပုံဖော်မိခဲ့ရာဝယ်

လော့စ်အိန်ဂျလိစ်မြို့သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အနောက်တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းရှိ ဆိပ်ကမ်းမြို့ကြီးဖြစ်ပြီး လူဦးရေ လေးသန်းကျော်နေထိုင်ကာ စည်ကားလှသည်။

လော့စ်အိန်ဂျလိစ်မြို့တွင် အသက် ၇၅နှစ်အရွယ်ရှိ အိုလ်ဂါရပ်တာရှမစ်ဒ်**(အပေါ်ဝဲအစွန်ပုံ)**နှင့် အသက်၇၇နှစ်အရွယ်ရှိ ဟယ်လင်ဂိုလေး**(အပေါ်ယာအစွန်ပုံ)**တို့ နေထိုင်ကြသည်။ သူမတို့နှစ်ဦးသည် ညီအစ်မအရင်းသဖွယ် ချစ်ခင်ရင်းနှီးကြသူများ ဖြစ်ကြသည်။ သူမတို့နှစ်ဦးသည် လွန်ခဲ့သော ၁၀နှစ်ဖြစ်သည့် ၁၉၉၈ခုနှစ်အထိ ငြိမ်းချမ်းပျော်ရွှင်စွာ လက်တွဲခဲ့ကြသည်။

မလှပနိုင်

အိုလ်ဂါနှင့် ဟယ်လင်တို့သည် ၁၉၉၉ခုနှစ်တွင် ငွေကြေးအတွက် ကြိုတင်ကြံစည်လူသတ်ခဲ့ကြပြီး ၂၀၀၅ခုနှစ်တွင် ဒုတိယအကြိမ် လက်ရဲဇက်ရဲ လူသတ်မှုကျူးလွန်ခဲ့ရာမှ သဲလွန်စမှတစ်ဆင့် မီးခိုးကြွက်လျှောက်လိုက်ပြီး ကျူးလွန်ခဲ့သောအမှုပေါ်ကာ ယခုအခါ တရားရုံးတွင် အမှုရင်ဆိုင်နေရပြီ ဖြစ်သည်။ သူမတို့နှစ်ဦး၏ အတိတ်လုပ်ရပ်များက အရုပ်ဆိုးအကျည်းတန်ခဲ့သဖြင့် အနာဂတ်မှာလည်း မလှပနိုင်တော့ပေ။

အိုလ်ဂါနှင့် ဟယ်လင်တို့သည် ၁၉၉၈ခု နှစ်လယ်ပိုင်းတွင် မပင်ပန်းဘဲ ငွေမြောက်မြားစွာ ရရှိမည့်နည်းလမ်းကို စဉ်းစားမိကြသည်။ ယင်းနည်းလမ်းမှာ အိမ်ခြေရာခြေမရှိသော အမျိုးသားများကို ခေါ်ယူစောင့်ရှောက်ပြီး အသက်အာမခံထားကာ မတော်တဆပုံစံဖြင့် သေကြောင်းကြံစည်ပြီး အာမခံငွေကို ထုတ်ယူရန်ပင် ဖြစ်သည်။ ထိုအကြံအစည်ကို သူမတို့နှစ်ဦး အမြန်ဆုံး အကောင်အထည်ဖော်ခဲ့ကြသည်။

ထို့နောက် ဟောလိဝုဒ်ရှိ ဘုရားရှိခိုးကျောင်းတွင် မှီခိုနေရသော အိုးမဲ့အိမ်မဲ့နှစ်ဦးဖြစ်သည့် အသက် ၇၂နှစ်အရွယ်ရှိ ပေါလ်ဗာဒို့စ်နှင့် အသက် ၄၅နှစ်အရွယ်ရှိ ကင်နက်မက်ဒေးဗစ်တို့ကို ဆွေမျိုးသားချင်းသဖွယ် ခေါ်ယူစောင့်ရှောက်ကာ အသက်အာမခံထားခဲ့လေသည်။ ၁၉၉၉ခုနှစ်တွင် အသက် ၇၃နှစ်အရွယ်ရှိ ပေါလ်ဗာဒို့စ်အား မူးယစ်ဆေးခတ်ပြီး ကားဖြင့် မတော်တဆတိုက်မိသည့်ပုံစံဆင်ကာ သေဆုံးသူ၏ အသက်အာမခံငွေကို စောင့်ရှောက်သူက ထုတ်ယူသည့် အသက်အာမခံစနစ်အရ ပေါလ်ဗာဒို့စ်၏ အသက်အာမခံငွေကို ထုတ်ယူခဲ့သည်။

အိုလ်ဂါနှင့် ဟယ်လင်တို့သည် ပေါလ်ဗာဒို့စ်အား ပိပိရိရိ လုပ်ကြံကာ အသက်အာမခံငွေကို လိမ်လည်ရယူပြီးနောက် ကင်နက်မက်ဒေးဗစ်ကိုလည်း အလွတ်မပေးချေ။ သူမတို့သည် မက်ဒေးဗစ်အတွက် ဟောလိဝုဒ်ရှိ တိုက်ခန်းတစ်ခန်းကို တစ်လလျှင် ၈၇၅ဒေါ်လာဖြင့် ငှားပြီး နေထိုင်စေခဲ့သည်။ မက်ဒေးဗစ်သည် သူနေထိုင်ရာတိုက်ခန်းတွင် သူနှင့်ဘဝတူသူ လေးငါးဦးခန့်ကို ခေါ်ယူနေထိုင်စေခဲ့မှုကြောင့် အိုလ်ဂါနှင့်ဟယ်လင်တို့၏ အကြံအစည် ပျက်လုနီးပါးဖြစ်သွားခဲ့သည်။ သို့သော်လည်း သူမတို့နှစ်ဦးက မက်ဒေးဗစ်၏ မိတ်ဆွေများကို တရားဥပဒေအရ နှင်ထုတ်ကာ တိုက်ခန်းအပြင်တွင် လက်နက်ကိုင်လုံခြုံရေးများကို ငှားရမ်းချထားခဲ့သည်။

ရိပ်စားမိ

သူမတို့နှစ်ဦးသည် ပေါလ်ဗာဒို့စ်နှင့် မက်ဒေးဗစ်တို့အတွက် အသက်အာမခံငွေ ဒေါ်လာ ၆၄၀၀၀ခန့် ရင်းနှီးခဲ့ရသည်။ ၂၀၀၅ခုနှစ် ဇွန်လ ၂၁ရက်တွင် အိုလ်ဂါနှင့် ဟယ်လင်တို့သည် ပထမ အကြိမ်က ပေါလ်ဗာဒို့စ်အား လုပ်ကြံသတ်ဖြတ်ခဲ့ကြသည့် နည်းတူ မက်ဒေးဗစ်အားလည်း မတော်တဆဖြစ်ရပ်ပုံစံ ဖန်တီးခဲ့ကြသည်။ ယခုဒုတိယအကြိမ်တွင်မူ ပိရိသေသပ်သော သူမတို့ နှစ်ဦး၏ လုပ်ရပ်ကို သက်ဆိုင်ရာတို့က ရိပ်စားမိပြီး ခြေရာခံလိုက်ခြင်းကို ခံရတော့သည်။

သူမတို့သည် အသက် ၅၀နှစ်ရှိ မက်ဒေးဗစ်အား မူးယစ်ဆေးကို ဥပါယ်တံမျဉ်ဖြင့် တိုက်ကျွေးကာ လူသူကင်းမဲ့သည့် နောက်ဖေးလမ်းကြားတွင် ကားဖြင့်မတော်တဆ တိုက်မိသည့်ပုံစံဖန်တီးခဲ့သည်။ ထို့နောက် သူမတို့နှစ်ဦးသည် မက်ဒေးဗစ်အတွက် အသက်အာမခံ ဒေါ်လာ ၂ဒသမ ၈သန်းကို ထုတ်ယူခဲ့သည်။ အိုလ်ဂါနှင့် ဟယ်လင်တို့သည် ပေါလ်ဗာဒို့စ်နှင့် မက်ဒေးဗစ်တို့နှစ်ဦးအတွက် အသက်အာမခံငွေ စုစုပေါင်း ဒေါ်လာ ၅ဒသမ ၇သန်း ထုတ်ယူခဲ့သည်။

ပေးဆပ်

စုံစမ်းစစ်ဆေးရေးမှူးများက မက်ဒေးဗစ်အား သေကြောင်းကြံရာတွင်သုံးသော ကား၏ ယာဉ်မောင်းကို ဟယ်လင်ဂိုလေး၏ အိမ်သို့ ခေါ်ယူစစ်ဆေးရာမှ အိုလ်ဂါနှင့် ဟယ်လင်တို့၏ မက်ဒေးဗစ်အပေါ် သေကြောင်းကြံစည်ခဲ့မှု ပေါ်ပေါက်ခဲ့ရသည်။ အဆိုပါ ယာဉ်မောင်း၏ ကားဘီးတာယာကြားတွင် တွေ့ရှိရသော အသားစကို ဒီအင်န်အေစစ်ဆေးမှု ပြုလုပ်ခဲ့ရာ မက်ဒေးဗစ်၏အသားစ ဖြစ်ကြောင်း တွေ့ရသည်။ အိုလ်ဂါနှင့် ဟယ်လင်တို့သည် ယင်းအမှုနှင့် ပတ်သက်ပြီး ၂၀၀၆ ခုနှစ် ကတည်းက ယနေ့အထိ တရားရုံးတွင် အမှုရင်ဆိုင်နေရဆဲဖြစ်သည်။ အက်ဖ်ဘီအိုင်မှ ၎င်းတို့ကို ဖမ်းဆီးထိန်းသိမ်းထားစဉ်အတွင်း ၂၀၀၈ခုနှစ် မတ် ၁၉ရက်က ၎င်းတို့နှစ်ဦး အချုပ်ခန်းအတွင်း၌ ပေါလ်ဗာဒို့စ်နှင့် မက်ဒေးဗစ်တို့အား သတ်ခဲ့မှုနှင့်ပတ်သက်၍ အပြန်အလှန်စကားပြောကြပုံများကို မှတ်တမ်းတင်သည့် ဗီဒီယိုခွေအား ရုံးသို့တင်ပြခဲ့သဖြင့် သူမတို့နှစ်ဦး၏ ပြစ်မှုကျူးလွန်မှုမှာ ခိုင်လုံသွားခဲ့ပြီး ထောင်ထဲတွင် နှစ်ပေါင်းမည်မျှ ပေးဆပ်ရဦးမည် မသိသေးပါချေ။

အတွေးရိုင်းကို ပုံဖော်ခဲ့မိသော အိုလ်ဂါရပ်တာရှမစ်ဒ်နှင့် ဟယ်လင်ဂိုလေးတို့၏ မတော်လောဘကြောင့် အပြစ်မဲ့သူ ပေါလ်ဗာဒို့စ်နှင့် ကင်နက်မက်ဒေးဗစ်တို့ လောကကြီးကို အပြီးအပိုင်ကျောခိုင်း စွန့်ခွာသွားရသော အဖြစ်ကို သင်ခန်းစာယူဖွယ်ရာ ဖြစ်ရပ်အဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နယူးဇီလန်နိုင်ငံ တာပါနွိုင်ကျေးရွာ၌ မတ်၂၆ရက်က ထွန်စက်၇၀၀ကျော်ဖြင့်စုပေါင်း ထွန်ယက်ခဲ့ကြရာ ကမ္ဘာပေါ်တွင် ထွန်စက်အရေအတွက်အများဆုံးဖြစ်ကြောင်းသိရသည်။

(အင်တာနက်ဓာတ်ပုံ)

ဗြိတိန်နိုင်ငံသား အသက် ၄၀ အရွယ်ရှိ အိဒ်ဘီယာမီသည် မတ်၂၅ရက်က လန်ဒန်မြို့၌ အထူတစ်လက်မခန့်ရှိသော ကွန်ကရစ်ပြား ၅၅ ပြားကို အချိန် ၄ ဒသမ ၈၆ စက္ကန့်အတွင်း သူ၏ညာလက်ဖြင့် ရိုက်ချိုးပြနိုင်ခဲ့ဖြင့် ဂင်းနက်စ် မှတ်တမ်းတင်နိုင်ခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

သူတို့အတွေးနှင့်အမြင်

* ***Love looks not with the eyes, but with the mind.***

အချစ်သည်မျက်လုံးများဖြင့်မကြည့်၊ စိတ်ဖြင့်သာကြည့်တတ်သည်။

ရှိတ်စပီးယား (ပြဇာတ်နှင့်စာရေးဆရာ)

* ***Life is flower of which love is honey.***

ဘဝဟူသည် ပန်းတစ်ပွင့်နှယ်ဖြစ်ပြီး အချစ်ဟူသည်ကား ပျားရည်ပမာဖြစ်သည်။

ဗစ်တာဟူဂို (ကဗျာ၊ ဝတ္ထုနှင့်ပြဇာတ်ရေးဆရာ)

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

လျှပ်စစ်ပစ္စည်းကို ပေါ့ဆစွာ သုံးစွဲပါလျှင် ....

တရုတ်နိုင်ငံမြောက်ပိုင်း တန်ရှန်မြို့တွင်ရှိသော အလှပြင်ဆိုင် တစ်ဆိုင်၌ မတ် ၂၆ရက်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း တန်ရှန်မြို့ မီးသတ်တပ်ဖွဲ့မှ အရာရှိများက ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ အဆိုပါဆိုင်ရှိ အလှပြင်ရာတွင်အသုံးပြုသော ဆံပင်အခြောက်ခံကိရိယာတစ်ခု၏ လျှပ်စစ်ကြိုးကိုမဖြုတ်ဘဲ မေ့လျော့ပြီး ခလုတ်ဖွင့်ထားခဲ့ရာမှ ဝိုင်ယာကြိုးများမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရှစ်ဦးသေဆုံးခဲ့ရခြင်း ဖြစ်သည်။

ထို့ကြောင့် လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို အသုံးပြုပြီးလျှင် စနစ်တကျ ဖြုတ်သိမ်းခြင်းကို သတိပြုဆောင်ရွက်သင့်ကြောင်း ဤဖြစ်ရပ်က သင်ခန်းစာယူဖွယ်ပင်ဖြစ်သည်။

နိုင်ငံတကာသတင်းများ

ခုနစ်နှစ်စာ အမြတ်ခွန်ရှင်းတမ်း အိုဘားမားထုတ်ပြန် ဟီလာရီကလည်း ရက်သတ္တပတ်အတွင်း ကြေညာမည်

ဝါရှင်တန် မတ် ၂၇

အီလီနွိုက်ပြည်နယ် ဒီမိုကရက်တစ်အထက်လွှတ်တော်အမတ် အိုဘားမား(အောက်ပုံ**)က သူ၏ခုနစ်နှစ်စာ အမြတ်ခွန်ရှင်းတမ်းကို ထုတ်ပြန်လိုက်ပြီးနောက် ပြိုင်ဘက် အထက်လွှတ်တော်အမတ် ဟီလာရီအနေဖြင့်လည်း အလားတူဆောင်ရွက်ရန် တိုက်တွန်းလိုက်သည်။**

တိုက်တွန်း

ဧပြီ ၂၂ရက်တွင် ကျင်းပမည့် ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ရန် မဲဆွယ်စဉ် အိုဘားမားက အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

တုံ့ပြန်

ဟီလာရီကလင်တန်ကလည်း ၎င်း၏အမြတ်ခွန်ရှင်းတမ်းကို လာမည့် ရက်သတ္တပတ်အတွင်း ကြေညာမည်ဖြစ်ကြောင်း တုံ့ပြန်လိုက်သည်။

ရရှိ

၂၀၀၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အထိ အမြတ်ခွန်ရှင်းတမ်း မိတ္တူများကို အိုဘားမားက ထုတ်ပြန်ကြေညာရာ၌ သူနှင့်သူ့ဇနီးတို့ နှစ်ဦးပေါင်းဝင်ငွေမှာ ၂၀၀၄ခုနှစ်က ဒေါ်လာ ၂၇၅၀၀၀ရှိရာမှ ၂၀၀၅ခုနှစ်တွင် ဒေါ်လာ ၁ဒသမ ၆သန်းအထိ ခုန်တက်ရခြင်းမှာ သူရေးသားသည့် ပထမစာအုပ် ပြန်လည်ထုတ်ဝေ၍ ဒေါ်လာ ၁ ဒသမ ၂သန်းရရှိခြင်းကြောင့် ဖြစ်သည်။ ၂၀၀၆ခုနှစ်တွင် ဒုတိယစာအုပ်ထုတ်ဝေသောအခါ နောက်ထပ်ဒေါ်လာ ၅၀၀၀၀၀ ရရှိသည်။

ယှဉ်ပြိုင်

အိုဘားမားနှင့် ဟီလာရီတို့နှစ်ဦးသည် ဩဂုတ်လ ဒီမိုကရက်တစ်ပါတီညီလာခံ၌ ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် ရွေးချယ်သတ်မှတ်ခံရရေး ကြိုးပမ်းနေကြခြင်းဖြစ်သည်။ ဒီမိုကရက်တစ် သမ္မတလောင်းဖြစ်သူသည် လာမည့် နိုဝင်ဘာ ၄ရက် သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကင် သမ္မတလောင်း ဂျွန်မက်ကိန်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **(အင်တာနက်)**

မိုဘိုင်းလ်ဖုန်း ဝယ်ယူအသုံးပြုမှု တရုတ်၌ စံချိန်တင်မြင့်တက်

ပေကျင်း မတ် ၂၇

တရုတ်နိုင်ငံ၌ မိုဘိုင်းလ်ဖုန်း ဈေးနှုန်းနှင့် ဆက်သွယ်အသုံးပြု စရိတ် လျှော့ချလိုက်၍ ဖေဖော်ဝါရီလအတွင်း မိုဘိုင်းလ်ဖုန်း ဝယ်ယူသုံးစွဲသူ ၉ဒသမ ၄၆သန်းအထိ စံချိန်တင် မြင့်တက်ခဲ့ကြောင်း တရုတ်ပြန်ကြားရေးလုပ်ငန်း ဝန်ကြီးဌာနက မတ် ၂၄ရက်တွင် ပြောကြားသည်။

ဖော်ပြ

တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလကုန်အထိ မိုဘိုင်းလ်ဖုန်း ပိုင်ဆိုင်သူ ၅၆၅သန်းရှိလာကြောင်း၊ ယင်းမှာ ဒီဇင်ဘာလက ၅၄၇သန်းနှင့် ဇန်နဝါရီလက ၅၅၆သန်း အသီးသီးရှိရာမှ မြင့်တက်လာကြောင်း ၎င်းဝန်ကြီးဌာနမှ ထုတ်ပြန်သော ကြေညာချက်တွင်ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကန်၌ အိမ်ဈေးနှုန်း ကျဆင်း

ဝါရှင်တန် မတ် ၂၇

ယခုနှစ် ဇန်နဝါရီလအတွင်း အမေရိကန်အိမ်ဈေးနှုန်းမှာ ၁၁ ဒသမ ၄ရာခိုင်နှုန်း ကျဆင်းလာကြောင်း အက်စ်အင်ပီ/ကေ့-ရှီးလား ညွှန်းကိန်းတွင် ဖော်ပြထားသည်။

ဤလစဉ်ညွှန်းကိန်းမှ အမေရိကန် အိမ်ဈေးနှုန်း ကျဆင်းမှုမှာ ၂၁နှစ်အတွင်း အများဆုံးကျဆင်းမှု ဖြစ်သည်။

ကွင်းဆင်း

အမေရိကန် ပြည်ထောင်စု တစ်ဝန်း မြို့ကြီး ၁၀မြို့မှ အိမ်ဈေးများကို ကွင်းဆင်းပြီးနောက် အထက်ပါအတိုင်း ဖော်ပြခြင်းဖြစ်သည်။

ပြဿနာကြုံရ

ဆပ်ပရိုင်း(မ်)ခေါ် အန္တရာယ်ရှိသည့် ချေးငွေပေါ်ဗဟိုပြုသည့် အိမ်ခြံမြေရောင်းဝယ်မှု ချေးငွေကိစ္စကြောင့် အမေရိကန်၌ ယင်းသို့ ပြဿနာကြုံရခြင်း ဖြစ်သည်။ **(အင်တာနက်)**

အိမ်သုတ်ဆေးစက်ရုံ မီးလောင်

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့၌ အိမ်သုတ်ဆေးစက်ရုံ မီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် မြင်ကွင်းကို မတ် ၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘရာဇီးနှင့် အိန္ဒိယ ကုန်သွယ်မှု တိုးမြှင့်

ဘရာဆီးလီးယား မတ် ၂၇

ဘရာဇီးနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကုန်သွယ်မှု ပမာဏသည် ၂၀၀၇ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၂ဘီလီယံသို့ ရောက်ရှိခဲ့ရာ နှစ်ချင်းအလိုက် တိုးမြှင့်မှုအနေဖြင့် ၂၈ ဒသမ ၄ရာခိုင်နှုန်းဖြစ်ကြောင်း မတ် ၂၄ရက်တွင် ဘရာဇီးနိုင်ငံဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စက်မှုနှင့်နိုင်ငံခြားကုန်သွယ်မှုဌာနက ပြောကြားသည်။

ယခင်နှစ်အတွင်း ဘရာဇီးနိုင်ငံမှ အိန္ဒိယသို့ ပို့ကုန်ပမာဏမှာ နှစ်ရာခိုင်နှုန်းခန့်သာရှိခဲ့ရာ အမေရိကန်ဒေါ်လာ ၉၅၇ ဒသမ ၉သန်းရရှိခဲ့ရာ သွင်းကုန်ပမာဏမှ ၄၆ဒသမ ၉ရာခိုင်နှုန်းအထိ တင်သွင်းနိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၆ ဘီယံသို့ မြင့်တက်ခဲ့ကြောင်း အဆိုပါဝန်ကြီးဌာန၏ စာရင်းဇယား၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရှန်ဟိုင်းလေဆိပ်၌ အဆောက်အအုံသစ်ကြီးဖွင့်လှစ် တစ်နှစ်လျှင် ခရီးသည်သန်း ၆၀ ဝင်ထွက်သွားလာနိုင်

ရှန်ဟိုင်း မတ် ၂၇

တရုတ်နိုင်ငံ၏အကြီးဆုံးလေဆိပ်ကြီး ဖြစ်သည့် ပေကျင်းလေဆိပ်ကြီး ဖွင့်လှစ်ပြီး တစ်လအကြာ ရှန်ဟိုင်းလေဆိပ် အဆောက်အအုံသစ်ကြီးကိုလည်း မတ် ၂၆ရက်က ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

ပြောကြား

ရှန်ဟိုင်းလေဆိပ်အဆောက်အအုံသစ်ကြီးသည် ပူဒေါင်းနိုင်ငံတကာ လေဆိပ်ထက် ခရီးသည်များအား နှစ်ဆတိုး၍ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း၊ ယင်းရှန်ဟိုင်းလေဆိပ် အဆောက်အအုံသစ်ကြီးသည် တစ်နှစ်လျှင် ခရီးသည် သန်း ၆၀တို့အား ဝင်ထွက်သွားလာမှုအတွက် ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း လေဆိပ်တာဝန်ရှိသူများက ပြောကြားသည်။

ပေကျင်း နိုင်ငံတကာလေဆိပ်ကြီးသည် အိုလံပစ်အားကစားပွဲတော်အတွက် ခရီးသည်များအား ဝန်ဆောင်မှုပေးနိုင်ရန် ပြင်ဆင်လျက်ရှိသည်။

အဆိုပါလေဆိပ်သစ်ကြီး ရှိခြင်းသည် တရုတ်နိုင်ငံ၏လျင်မြန်စွာတိုးတက်လာသော လေကြောင်းလုပ်ငန်းအတွက် အထောက်အကူ ပြုနိုင်လိမ့်မည်ဟု ဆိုသည်။

အချက်အချာ

ရှန်ဟိုင်းသည် ၂၀၁၀ ပြည့်နှစ်တွင် ကုန်ပစ္စည်းများတင်ပို့ရာ အာရှဒေသ၏ အချက်အချာဒေသကြီးဖြစ်လာလိမ့်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

(အင်တာနက်)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ရှန်ဟိုင်းလေဆိပ်၌ အသစ်ဖွင့်လှစ်လိုက်သည့် အဆောက်အအုံသစ် တစ်နေရာကို မတ် ၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ရေနံစိမ်းတစ်စည် ၁၀၆ဒေါ်လာအထိပြန်တက်

နယူးယောက် မတ် ၂၇

အမေရိကန်အစိုးရက ရေနံထုတ်လုပ်မှု လျော့ကျလိမ့်မည်ဟု ခန့်မှန်းသည့် အစီရင်ခံစာထွက်ပေါ်လာပြီးနောက် ကမ္ဘာ့ရေနံဈေးနှုန်းသည် မတ် ၂၆ရက်တွင် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၆ ဒေါ်လာအထိ ပြန်တက်သွားသည်။

မကြာသေးသည့် ရက်များက ရေနံဈေးနှုန်းသည် ဆက်တိုက်ကျဆင်းခဲ့သော်လည်း အီရတ်၌ အဓိက ရေနံတင်ပို့ရောင်းချသော ပိုက်လိုင်းဖောက်ခွဲ တိုက်ခိုက်ခံရသဖြင့် ထုတ်လုပ်မှုကျဆင်းကာ ဈေးနှုန်းပြန်တက်လာသည်ဟု ဆိုသည်။

မတ် ၁၇ရက်က ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၁၁ ဒသမ ၈၀အထိ အများဆုံးဈေးတက်ခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပါကစ္စတန် အာဏာရညွန့်ပေါင်းအစိုးရ ရက်ပိုင်းအတွင်း ဝန်ကြီးစာရင်း ကြေညာမည်

အစ္စလမ္မာဘတ် မတ် ၂၇

ပါကစ္စတန်အာဏာရ ညွန့်ပေါင်းအစိုးရအတွင်း အဓိကဝန်ကြီးဌာနငါးခုတွင် တာဝန်ခွဲဝေရေးအတွက် သဘောတူညီမှု တညီတညွတ်တည်း ရရှိကြကြောင်း၊ အစိုးရအဖွဲ့သစ်တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ပါကစ္စတန် ပြည်သူ့ပါတီ (ပီပီပီ)မှ ရှားမာမွတ်ဆူရေရှီ တာဝန်ယူမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ရွေးကောက်ပွဲ၌ အမတ်ဦးရေ အများဆုံးရသည့် ပီပီပီပါတီနှင့် ဒုတိယအများဆုံးရသည့် ပီအမ်အယ်လ်-အင်န်ပါတီ၊ အဝါမီ အမျိုးသားပါတီ (အေအင်န်ပီ)နှင့် ဂျမားအူလီမာအီး အစ္စလာမ်အက်ဖ် (ဂျေယူအိုင်အက်ဖ်) ပါတီတို့အနေဖြင့် အောက်လွှတ်တော် နှင့် အထက်လွှတ်တော်၌ အမတ်ဦးရေရရှိမှု အချိုးအစားအတိုင်း အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးဦးရေ ရရှိကြမည် ဖြစ်သည်။

ကြေညာမည်

အမည်မဖော်လိုသူ ပီပီပီပါတီ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဘဏ္ဍာရေးဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီး၊ ပါလီမန်ရေးရာဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးနေရာများတွင် တာဝန်ခွဲပေးပြီး ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ် ဂီလာနီ အနေဖြင့် အစိုးရအဖွဲ့စာရင်း ကြေညာမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မော်တော်ယာဉ်ဖြင့် တပ်စစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် မော်တော်ယာဉ်ဖြင့် တပ်ကို စစ်ဆေးစဉ်။

(သတင်းစဉ်)

■ **ကျောဖုံးမှ**

တက်ရောက်

အဆိုပါ ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်နှင့် တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ အစိုးရအဖွဲ့ရုံးနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ သူနာပြုများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများနှင့် ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ကြသည့် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး၌ ကျင်းပမည့် စစ်ရေးပြအခမ်းအနားသို့ စစ်ကြောင်းကြီးများအလိုက် ချီတက်ရန် နံနက် ၅နာရီတွင် စုရပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိ နေရာယူကြသည်။

ယင်းသို့ ရောက်ရှိနေရာယူကြပြီးနောက် နံနက် ၅နာရီခွဲတွင် စစ်ရေးပြ အခမ်းအနား ကျင်းပရာ နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီးသို့ ချီတက်ကြမည့် စစ်ကြောင်းကြီး ခုနစ်ကြောင်း၏ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်းထံ စစ်ရေးပြ တပ်ရေး ဒုတိယဗိုလ်မှူးကြီးအောင်မြင့်ဦးက တပ်ကိုအပ်သည်။

စစ်တီးဝိုင်းအဖွဲ့နေရာယူ

ထို့နောက် စစ်ကြောင်းကြီးများ စုရပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးသို့ မထွက်ခွာမီ တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်မှ အရာခံဗိုလ်အောင်မိုးလင်း ခေါင်းဆောင်သည့် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းကြီးအတွင်းရှိ သတ်မှတ်ထားသည့်နေရာ၌ နေရာယူသည်။

ယင်းနောက် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်းဦးဆောင်၍ ၎င်းနောက်မှ စစ်ရေးပြတပ်ရေးဒုတိယဗိုလ်မှူးကြီးအောင်မြင့်ဦး၊ ယင်းနောက် အလံတော်အဖွဲ့ ခေါင်းဆောင်ဗိုလ်မှူးကျော်ကျော်လင်း ခေါင်းဆောင်ပြီး ပြည်ထောင်စုအလံများနှင့် တပ်မတော်(ကြည်း၊ရေ၊လေ)အလံများ ပါဝင်သော အနော်ရထာစစ်ကြောင်း အလံတော်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီးဝင်းမိုးခေါင်းဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်တီးဝိုင်းအဖွဲ့စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ချို ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးတိုးမြင့်ကျော် ခေါင်းဆောင်သည့် သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု အနော်ရထာစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ အနော်ရထာစစ်ကြောင်း တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီးကျော်ဇေယျ၊ တပ်ခွဲမှူး ဗိုလ်မှူးမင်းချစ်ညို ခေါင်းဆောင်သည့် ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူးဗိုလ်မှူးကျော်သီဟခေါင်းဆောင်သည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးလင်းထွန်း ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ (၄)၊ တပ်ခွဲမှူး ဗိုလ်မှူးကျော်ဇေယျ ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)နှင့် တပ်ခွဲမှူး ဗိုလ်မှူးမျိုးကျော်သူ ခေါင်းဆောင်သည့် အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့မှ တပ်မတော်သားများက အနော်ရထာစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ကျန်စစ်သားစစ်ကြောင်း

အလားတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးမြင့်နိုင် ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ရေ၊လေ)အလံများပါဝင်သော ကျန်စစ်သားစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင်တပ်ကြပ်ကြီးတင်လှဝင်းခေါင်းဆောင်သည့် ကျန်စစ်သားစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦး ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးဝင်းမြင့်ခိုင်ခေါင်းဆောင်သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု ကျန်စစ်သားစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပသော ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ကျန်စစ်သားစစ်ကြောင်း တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီးနိုင်ဒင်လတ်၊ တပ်ခွဲမှူး ဗိုလ်မှူး ကျော်ကျော်ထွန်း ခေါင်းဆောင်သည့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးခင်မောင်စိုး ခေါင်းဆောင်သည့် နေပြည်တော် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး ဗိုလ်မှူးဟိန်းမြတ်ကျော် ခေါင်းဆောင်သည့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးအောင်ကျော်မင်း ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)တို့မှ တပ်မတော်သားများက ကျန်စစ်သားစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ဘုရင့်နောင်စစ်ကြောင်း

ထို့အတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးလွန်းနေအောင်ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများပါဝင်သော ဘုရင့်နောင်စစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် ဒုတိယတပ်ကြပ်မြမောင် ခေါင်းဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင်အောင်ဆန်း ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးစိုင်းသော်တာကို ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု ဘုရင့်နောင်စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဘုရင့်နောင်စစ်ကြောင်းတပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီး ကိုကိုကျော် ၊ တပ်ခွဲမှူးဗိုလ်မှူးဆန်းမင်းအောင်ခေါင်းဆောင်သည့် စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးကျော်သီဟ ခေါင်းဆောင်သည့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးစိုးကျော်ထက်ခေါင်းဆောင်သည့် အနောက်မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး ဖုန်းနိုင်ဝင်း ခေါင်းဆောင်သည့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ (၃)တို့မှ တပ်မတော်သားများက ဘုရင့်နောင်စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

အောင်ဇေယျစစ်ကြောင်း

အလားတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးဝင်းဘိုခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများပါဝင်သော အောင်ဇေယျစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် ဒုတိယအရာခံဗိုလ်ကျော်ဇေယျဝင်း ခေါင်းဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်တီးဝိုင်းအဖွဲ့ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကျော်သန်းဌေး ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးကျော်ဇေမင်း ခေါင်းဆောင်သည့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု အောင်ဇေယျ စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ အောင်ဇေယျစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးထွန်းမြတ်ရွှေ၊ တပ်ခွဲမှူး ဗိုလ်မှူးလေးမြတ်ခေါင်းဆောင်သည့် ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးအောင်ဇော်လတ်ခေါင်းဆောင်သည့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်မိုးခိုင် ခေါင်းဆောင်သည့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့အတွက် အခြေခံကောင်းတွေတိုးတက်လာဖို့ ကြိုးပမ်း
ခေတ်ပြောင်း စနစ်ပြောင်းတာဝန်ကြီးကို တပ်မတော်က စနစ်ကျနညင်သာစွ

● ရှေ့ဖုံးမှ

ရဲဘော်တို့-

၁၉ရာစုနှစ်အတွင်းမှာ ဒို့နိုင်ငံဟာ ခေတ်မီတပ်မတော်တစ်ရပ် မရှိခဲ့လို့ နယ်ချဲ့ရဲ့ ကျူးကျော်စစ်တွေကို တွန်းလှန်နိုင်စွမ်း မရှိခဲ့ရတာဖြစ်တယ်။ ဒို့ရဲ့သမိုင်းမှာ ကနောင်မင်းသားကြီးဟာ နိုင်ငံတော်ကို စက်မှုနိုင်ငံတော်ဖြစ်အောင် ကြိုးပမ်းခဲ့သလို တပ်မတော်အတွက်လဲ ခေတ်မီစစ်လက်နက်ပစ္စည်းတွေ ထုတ်လုပ်ဖို့ အထူးလုံ့လ စိုက်ခဲ့တယ်။

သို့သော်လည်း ကနောင်မင်းသားကြီး လွန်သွားပြီးနောက် စက်မှုနိုင်ငံတည်ထောင်ရေးနဲ့ ခေတ်မီတပ်မတော်တည်ဆောက်ရေး ရည်မှန်းချက်ဟာ ပျက်ပြယ်သွားခဲ့ရတယ်။ ဒါ့အပြင် အခြားသော နိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မျက်ကွယ်ပြုပြီး ကာကွယ်ရေးသတိ ကင်းမဲ့ခဲ့တာကြောင့်လဲ ဒို့ရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာဟာ အလွယ်တကူ ဆုံးရှုံးသွားခဲ့ရတာဖြစ်တယ်။

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး၌ ရောင်စုံမီးများ ထွန်းညှိထားစဉ်။ (သတင်းစဉ်)

ရဲဘော်တို့-

လွတ်လပ်ရေး ဆုံးရှုံးသွားပြီးတဲ့နောက်မှာတော့ နယ်ချဲ့တို့ရဲ့ ဖိနှိပ်မှုအောက်မှာ ဒို့လူမျိုးတွေဟာ အညွန့်တုံးမတတ် ဖြစ်ခဲ့ကြရတယ်။ တိုင်းတစ်ပါးသားကို သခင်လို့ခေါ်ပြီး ဘုရားလို့ထူးခဲ့ရတဲ့ နယ်ချဲ့လက်အောက်က ဘဝဟာ ပြောမယုံ ကြုံဖူးမှသိမယ်လို့ ဆိုရလောက်အောင် ခါးသီးခဲ့တယ်။ နှစ်ပေါင်းတစ်ရာကျော်မျှ မခံမရပ်နိုင်ဖြစ်ခဲ့ကြပြီးတဲ့နောက် ဇာတိသွေးဇာတိမာန်တွေ တဖွားဖွား တက်ကြွလာတဲ့ ပြည်သူတစ်ရပ်လုံးက အသက် သွေး ချွေးမြောက်မြားစွာ ရင်းနှီးပြီးမှ လွတ်လပ်ရေးကို ပြန်လည်ရယူပေးခဲ့ကြရတာဖြစ်တယ်။ ဒါကြောင့် လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို လေးလေးနက်နက်တန်ဖိုးထားပြီး စောင့်ရှောက်ကာကွယ်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

ဒို့တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ ပြည်သူက တည်ထောင်ခဲ့တဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ တပ်မတော်ဟာ စတင်သန္ဓေတည်စကပင်လျှင် အခက်အခဲ အကျပ်အတည်းအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားပြီး ရှင်သန်ပေါက်ဖွား လာခဲ့ရတာဖြစ်တယ်။

လွတ်လပ်ရေးရပြီးတဲ့ နောက်မှာလဲ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အသက် သွေး ချွေးပေါင်း မြောက်မြားစွာ စွန့်လွှတ်ခဲ့ကြရတယ်။ ဒါ့အပြင် ပြည်ပကျူးကျော်မှု ရန်စွယ်ကိုလဲ တွန်းလှန်ခဲ့ရတယ်။

တပ်မတော်ဟာ နိုင်ငံတော်မှာ အရေးကြုံတိုင်း ပြည်သူ့ရှေ့က မားမားမတ်မတ် ရပ်တည်ခဲ့တယ်။ ဒါကြောင့် ဒို့နိုင်ငံအပေါ် သဘောထားမှန်ကန်မှု မရှိသူတွေဟာ တပ်မတော်ပြိုကွဲရေးအတွက် အမြဲတစေ ကြံစည်ကြိုးပမ်းလျက်ရှိနေကြတယ်။

ဒို့တပ်မတော်ဟာ မျိုးချစ်တပ်မတော်၊ သစ္စာရှိသော တပ်မတော်၊ စည်းလုံးညီညွတ်သော တပ်မတော်၊ စွမ်းရည်ရှိသော တပ်မတော်၊ စွန့်လွှတ်စွန့်စားသော တပ်မတော်၊ စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်၊ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းဦးထိပ်ပန်ဆင်သော တပ်မတော် စတဲ့ မွန်မြတ်တဲ့ အစဉ်အလာတွေနဲ့ ပြည့်စုံတာကြောင့် ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နိုင်ခဲ့တာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ တပ်မတော်ရဲ့ အစဉ်အလာတွေကို ဆက်လက်သယ်ပိုး ထမ်းဆောင်ကြဖို့ အလေးအနက် တိုက်တွန်းပြောကြားလိုတယ်။

ရဲဘော်တို့-

မြန်မာ့သမိုင်းကို ပြန်ကြည့်ရင် ဒို့တိုင်းရင်းသားတွေ စည်းလုံးညီညွတ်မှုရှိတဲ့ ကာလတွေမှာ ဒို့နိုင်ငံတော်ကြီးဟာ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ရယ်လို့ ထည်ဝါခံ့ညားခဲ့တာကို တွေ့ရမယ်။ ဒါကြောင့် နယ်ချဲ့တွေဟာ သူတို့အုပ်ချုပ်ခဲ့တဲ့ခေတ်ကာလမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေဖို့ သပ်လျှိုသွေးခွဲခဲ့ကြတယ်။

ယနေ့ခေတ်မှာလဲ မသမာသူတွေက ပြည်ထောင်စုပြိုကွဲအောင်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲအောင် အစဉ်တစိုက် ကြံဆောင်လျက်ရှိကြတယ်။ တကယ်တော့ ဒို့တိုင်းရင်းသားတွေဟာ ရှေးနှစ်ပေါင်းများစွာကတည်းက နိုင်ငံအနှံ့အပြားမှာ တစ်သားတည်း နေထိုင်လာခဲ့ကြသူတွေ ဖြစ်တယ်။ အုပ်ချုပ်မှုကဏ္ဍအရ တိုင်းနဲ့ပြည်နယ် ၁၄ခုနဲ့ ဖွဲ့စည်းထားသော်လည်း တစ်စိတ်တစ်ပိုင်းစီ မမြင်ဘဲ ပြည်ထောင်စုမြန်မာနိုင်ငံတော်လို့သာ ခံယူထားကြတာ ဖြစ်တယ်။

ဒါပေမယ့် ပရိယာယ်ကြွယ်ဝလှတဲ့ သူတစ်ပါးရဲ့သွေးခွဲမှုကို သတိမထားမိရင် ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ်ဟာ တစ်ချိန်ချိန်မှာ ကျရောက်လာနိုင်တယ်။ ဒါကြောင့် တိုင်းရင်းသားအားလုံးဟာ နိုင်ငံတော်ရဲ့ မည်သည့်အစိတ်အပိုင်းမှာ နေထိုင်သည်ဖြစ်စေ၊ ပြည်ထောင်စုစိတ်ဓာတ် ခိုင်ခိုင်မာမာရှိကြပြီး အမျိုးသားနိုင်ငံရေးသတိရှိကြဖို့ လိုအပ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

၁၉၈၈ခုနှစ်က နိုင်ငံတော်မှာဖြစ်ပေါ်ခဲ့တဲ့ အကြမ်းဖက်ဆူပူမှုတွေကြောင့် တပ်မတော်ဟာ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုရစေဖို့အတွက်နဲ့ နိုင်ငံတော်ရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ဖို့အတွက် နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို ရယူခဲ့ရတယ်။ နိုင်ငံတော်မှာ ပျက်ပြားသွားခဲ့တဲ့ တည်ငြိမ်အေးချမ်းမှုကို ပြန်လည်ထိန်းသိမ်းပေးခဲ့ရတဲ့နည်းတူ ယိုယွင်းသွားတဲ့ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာတွေကိုလဲ ပြန်လည် တည်ဆောက်ခဲ့ရတယ်။

ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေ စိုးမိုးရေးအတွက် လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်ခဲ့တဲ့ လက်နက်ကိုင်ဆန့်ကျင်ရေးတွေ ချုပ်ငြိမ်းစေဖို့ လိုအပ်တာကြောင့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့တယ်။ လက်နက်ကိုင် အဖွဲ့အစည်းအများအပြားဟာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြတဲ့အတွက် လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ ယနေ့ကာလဟာ တည်ငြိမ်အေးချမ်းမှု အကောင်းဆုံးဖြစ်ခဲ့တယ်။ ဒါကြောင့် ပြည်သူတွေဟာ ပရိယေသနဝမ်းစာရှာဖွေမှုကို အေးချမ်းလွတ်လပ်စွာ လုပ်ကိုင်စားသောက်နိုင်ခဲ့ကြတယ်။

နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ စီးပွားဥစ္စာမြင့်မားရေးကို ဖော်ဆောင်ရာမှာ ဒို့နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး နိုင်ငံတော်လူဦးရေရဲ့ ၇၀ရာခိုင်နှုန်းကျော်ဟာ ကျေးလက်နေ တောင်သူလယ်သမားတွေဖြစ်တာကြောင့် ကျေးလက်နေ တောင်သူလယ်သမားတွေရဲ့ ဘဝမြင့်မားရေးအတွက် ဆည်မြောင်းတာတမံတွေ၊ မြစ်ရေတင်စီမံကိန်းနဲ့မြေအောက်ရေရရှိရေး စီမံကိန်းတွေကို အစုအဖွဲ့အလိုက် တည်ဆောက်ပေးခြင်းဖြင့် စတင်ခဲ့တယ်။ ဒါ့အပြင် စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်ပေးခြင်း၊ အရေးကြီးသီးနှံများ အထွက်နှုန်းကောင်းအောင် ဆောင်ရွက်ပေးခြင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းပေးခြင်းတို့ကြောင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး တစ်မျိုးသားလုံးအတွက် စားရေရိက္ခာ ဖူလုံမှုကို ရရှိခဲ့ပြီဖြစ်တယ်။

စက်မှုလယ်ယာစနစ်ကတစ်ဆင့် နိုင်ငံတော်ကို စက်မှုနိုင်ငံအဖြစ် ကူးပြောင်းဖို့အတွက်လည်း နိုင်ငံပိုင်စက်မှုလုပ်ငန်းကြီးတွေ တည်ဆောက်ပေးခဲ့တဲ့နည်းတူ ပုဂ္ဂလိက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် စက်မှုဇုန်တွေ ထူထောင်ပြီး အားပေးကူညီခဲ့တယ်။ ဒီလုပ်ငန်းတွေဟာ ပြည်သူတွေ အလုပ်အကိုင်ရရှိရေးကိုလည်း များစွာအထောက်အကူပြုနိုင်ခဲ့တာ ဖြစ်တယ်။

နိုင်ငံတော်အတွင်းမှာ လမ်းပန်းဆက်သွယ်မှု ခက်ခဲလို့ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်တွေ ဖြစ်ပေါ်နေတာကြောင့် ဒို့တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်သွယ် သွားလာနိုင်ရေးအတွက် ရေခြားမြေခြား အဟန့်အတားတွေကို ဖယ်ရှားပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် မော်တော်ကားလမ်းတွေ၊ ရထားလမ်းတွေ၊ တံတားတွေ၊ လေယာဉ်ကွင်းတွေ တည်ဆောက်ပေးခဲ့တယ်။

ရဲဘော်တို့-

ဒို့တပ်မတော်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တစ်ဖက်က ထမ်းဆောင်နေသလို အခြားတစ်ဖက်ကလဲ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို လုပ်ကိုင်ခဲ့တယ်။ ဒို့တစ်တွေဟာ တောအနှံ့တောင်အနှံ့ရောက်ခဲ့ကြတဲ့ တပ်မတော်သားတွေဖြစ်တာနဲ့အညီ လမ်းပန်းဆက်သွယ်မှု ခက်ခဲတဲ့အပြင် လက်နက်ကိုင် ဆန့်ကျင်မှုတွေကြောင့် နိမ့်ကျခဲ့ရတဲ့ တိုင်းရင်းသားတွေရဲ့ ဘဝတွေကို စာနာ နားလည်ကြသူတွေ ဖြစ်တယ်။ ဒါကြောင့် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းချမှတ်ပြီး အင်တိုက်အားတိုက် ဖော်ဆောင်ပေးခဲ့တယ်။

ထိုနည်းတူပဲ တစ်နိုင်ငံလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုမှာ ကွာဟမှု နည်းနိုင်သမျှနည်းဖို့ လိုအပ်တာကြောင့် အထူးဒေသကြီးတွေကို ကွန်ရက်ပမာသတ်မှတ်ပြီး ကျောင်းတွေ၊ တက္ကသိုလ်တွေ တည်ထောင်ဖွင့်လှစ်ပေးခဲ့တဲ့နည်းတူ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက်လဲ အထူးကုဆေးရုံကြီးတွေ၊ ဆေးရုံတွေနဲ့ ကျေးလက်ဆေးရုံတွေကို တိုးချဲ့မြှင့်တင်ပေးခြင်း၊ အသစ်တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့တယ်။

ထို့အတူ ဖွံ့ဖြိုးတိုးတက်မှုမှာ ကွက်လပ်မကျန်စေရအောင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို စီမံကိန်းချမှတ်ပြီး ဆောင်ရွက်ခဲ့တယ်။ ဒါ့အပြင် နိုင်ငံတော်မှာ ယခင်ကရှိခဲ့တဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်အစား ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနိုင်ဖို့ ပုဂ္ဂလိကကဏ္ဍနဲ့ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီခဲ့တယ်။

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို နေပြည်တော်စစ်ရေးပြကွင်းကြီး၌ ကျင်း... ရစဉ်။

ရဲဘော်တို့-

နိုင်ငံတော်မှာ ပြည်သူတို့ရဲ့ ဆန္ဒနဲ့အညီ ...
ဖော်ဆောင်ပေးဖို့ အစဉ်တစိုက်ကြိုးပမ်းရာမှာ ...
တစ်ရပ်လိုအပ်တဲ့အတွက် နိုင်ငံရေးပါတီခေါ် ...
ကိုယ်စားလှယ်များနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ...
ညီလာခံကို ခေါ်ယူကျင်းပပေးခဲ့တယ်။ အမျိုး ...
အမျိုးမျိုးကြောင့် ၁၉၉၆ခုနှစ်မှာ ယာယီအားဖြင့် ...
၂၀၀၃ခုနှစ်မှာ နိုင်ငံတော် ရှေ့ဆက်သွားမယ့် ...
ထုတ်ပြန်ကြေညာပြီး ၂၀၀၄ခုနှစ်မှာ အမျိုး ...
ဖိတ်ကြား ကျင်းပပေးခဲ့ရာမှာ ၂၀၀၇ခုနှ ...
ပြီးစီးခဲ့ပြီဖြစ်တယ်။

ရဲဘော်တို့-

တပ်မတော်အစိုးရဟာ နိုင်ငံတော်ရဲ့ တ ...
မရှောင်သာ ရယူလိုက်ရပြီးနောက် အာဏာ ...
ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် တစ် ...
ပြင်ဆင်ခဲ့တာဖြစ်တယ်။ တပ်မတော်ဟာ ...
မရှိဘဲ မိမိတာဝန်ယူရတဲ့ အခိုက်မှာ နိုင်ငံ ...
တာဝန်လစ်ဟင်းခြင်း မရှိအောင် မနားမနေ ...
ထမ်းဆောင်နေခြင်းသာ ဖြစ်တယ်။ ဒါကြေ ...
သွားမယ့် လမ်းစဉ် (၇)ရပ်အတိုင်း မှန်ကန်စွာ ...
ရှိတယ်။

နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတို့အ ...
ဖြစ်ပေါ်တိုးတက်လာဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ...
မရှိသေးသော်လည်း အခြေခံလိုအပ်တဲ့ ...
ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်တယ်။

ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ...
လာမယ့် မေလမှာ ပြည်လုံးကျွတ်ဆန္ဒခံယူ ...
ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ...
အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှ ...
နိုင်ငံတော်အာဏာလွှဲပြောင်းရေးကို ဆောင်ရွ ...
ပြောကြားလိုတယ်။

ရဲဘော်တို့-

နိဂုံးချုပ်အားဖြင့် ပြောကြားရရင် ယခုလ ...
တာဝန်ကြီးကို တပ်မတော်က စနစ်ကျန ညင်သ ...
ဟာ သမိုင်းဝင် လုပ်ငန်းတာဝန်ကြီးဖြစ်တယ ...

ဒါကြောင့် ရဲဘော်တို့ဟာ-

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတ ... သော ဒီမိုကရေစီနိုင်ငံတော်သစ် တည ... တို့နှင့်အတူ လက်တွဲ ကြိုးပမ်းဆောင် ...**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ် ... အတွက် တိုင်းရင်းသားပြည်သူတို့နှ ... အကောင်အထည်ဖော် ဆောင်ရွက်ရေး ...**

...တက်လာဖို့ ကြိုးပမ်းခဲ့ရာမှာ အခြေခံလိုအပ်တဲ့တည်ဆောက်မှုတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ ...ကျန ညင်သာစွာ ထမ်းဆောင်ပေးခြင်းဟာ သမိုင်းဝင်လုပ်ငန်းတာဝန်ကြီးဖြစ်

ရဲဘော်တို့–

နိုင်ငံတော်မှာ ပြည်သူတို့ရဲ့ ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးဖို့ အစဉ်တစိုက်ကြိုးပမ်းရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်လိုအပ်တဲ့အတွက် နိုင်ငံရေးပါတီခေါင်းဆောင်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ၁၉၉၃ခုနှစ်မှာ အမျိုးသားညီလာခံကို ခေါ်ယူကျင်းပပေးခဲ့တယ်။ အမျိုးသားညီလာခံဟာ အကြောင်းအမျိုးမျိုးကြောင့် ၁၉၉၆ခုနှစ်မှာ ယာယီအားဖြင့် ရပ်ဆိုင်းသွားခဲ့ရပြီးနောက် ၂၀၀၃ခုနှစ်မှာ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ထုတ်ပြန်ကြေညာပြီး ၂၀၀၄ခုနှစ်မှာ အမျိုးသားညီလာခံကို ပြန်လည်ဖိတ်ကြား ကျင်းပပေးခဲ့ရာမှာ ၂၀၀၇ခုနှစ်အတွင်း အောင်မြင်စွာ ပြီးစီးခဲ့ပြီဖြစ်တယ်။

ရဲဘော်တို့–

တပ်မတော်အစိုးရဟာ နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို မလွှဲသာမရှောင်သာ ရယူလိုက်ရပြီးနောက် အာဏာအရပ်ရပ်ကို ပြည်သူ့ထံသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် တစ်ရံမလပ်ခံယူပြီး ရည်မှန်းပြင်ဆင်ခဲ့တာဖြစ်တယ်။ တပ်မတော်ဟာ အာဏာကိုမက်မောခြင်းမရှိဘဲ မိမိတာဝန်ယူရတဲ့ အခိုက်မှာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင်၊ တာဝန်လစ်ဟင်းခြင်း မရှိအောင် မနားမနေ အပင်ပန်းခံပြီး ကြိုးပမ်းထမ်းဆောင်နေခြင်းသာ ဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော် ရှေ့ဆက်သွားမယ့် လမ်းစဉ် (၇)ရပ်အတိုင်း မှန်ကန်စွာအချိန်ကိုက် ချီတက်လျက်ရှိတယ်။

နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတို့အတွက် အခြေခံကောင်းတွေဖြစ်ပေါ်တိုးတက်လာဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ ယခုဆိုရင် ပြီးပြည့်စုံခြင်းမရှိသေးသော်လည်း အခြေခံလိုအပ်တဲ့ တည်ဆောက်မှုတွေကိုတော့ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်တယ်။

ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းဟာ ပြီးစီးပြီဖြစ်တဲ့အတွက် လာမယ့် မေလမှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပေးမယ့်အပြင် ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်မှာ ကျင်းပပေးခြင်းဖြင့် နိုင်ငံတော်အာဏာလွှဲပြောင်းရေးကို ဆောင်ရွက်နိုင်တော့မှာ ဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့–

နိဂုံးချုပ်အားဖြင့် ပြောကြားရရင် ယခုလိုခေတ်ပြောင်းစနစ်ပြောင်း တာဝန်ကြီးကို တပ်မတော်က စနစ်ကျန ညင်သာစွာ ထမ်းဆောင်ပေးခြင်းဟာ သမိုင်းဝင် လုပ်ငန်းတာဝန်ကြီးဖြစ်တယ်။

ဒါကြောင့် ရဲဘော်တို့ဟာ–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲ ကြိုးပမ်းဆောင်ရွက်ရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့်ချေမှုန်းရေး၊**
- **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး**

စတဲ့ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များကို မမိုတ်မသုန် ဆောင်ရွက်ကြဖို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

ဇာတိသွေးဇာတိမာန်အပြည့်ဖြင့် ဟစ်ကြွေးသီဆိုချီတက်

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ စစ်ကြောင်းကြီးများ ဇာတိသွေး ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုကာ ချီတက်လာကြစဉ်။ (သတင်းစဉ်)

...ခမ်းအနားကို နေပြည်တော်စစ်ရေးပြကွင်းကြီး၌ ကျင်းပရာ ဝေဟင်မှ တွေ့မြင် (သတင်းစဉ်)

ဒို့တပ်မတော်ဟာ နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို တစ်ဖက်ကထမ်းဆောင်နေသလိုအခြားတစ်ဖက်ကလဲပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို လုပ်ကိုင်ခဲ့တယ်။ ဒို့တစ်တွေဟာ တောအနှံ့ တောင်အနှံ့ရောက်ခဲ့ကြတဲ့ တပ်မတော်သားတွေဖြစ်တာနဲ့အညီ လမ်းပန်းဆက်သွယ်မှု ခက်ခဲတဲ့အပြင် လက်နက်ကိုင် ဆန့်ကျင်မှုတွေကြောင့် နိမ့်ကျခဲ့ရတဲ့ တိုင်းရင်းသားတွေရဲ့ဘဝတွေကို စာနာ နားလည်ကြသူတွေဖြစ်တယ်။ ဒါကြောင့် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းချမှတ်ပြီး အင်တိုက်အားတိုက် ဖော်ဆောင်ပေးခဲ့တယ်။

အရေးသုံးလီ မြတ်နိုးတည်

- တပ်မတော်အင်အားပြည့်
  ထင်ရှားသည့်အစဉ်အလာ၊
  အမိမြေကာကွယ်ပေးတယ်
  သွေးသောက်သစ္စာ၊
  “ပြည်ထောင်စုကျောက်တိုင်ပမာ
  တည့်မတ်စွာ ခိုင်နေရေး။
  တိုင်းရင်းသား ဆွေသဟာ
  သွေးစည်းကာ ညီညွတ်ရေး။
  ဒို့ပိုင်နက် အချုပ်အခြာ
  လွတ်လပ်စွာတည်တံ့ရေး”။
  ဒို့နိုင်ငံ ဒို့လူမျိုးရဲ့
  ကောင်းကျိုးဆောင်ပေး။
- ဒို့နိုင်ငံ ဒို့ပိုင်နက်
  အသက်တမျှ မြတ်နိုးသည်၊
  ဇာတိဂုဏ် သွေးမာန်နှိုးတဲ့
  မျိုးချစ်ဇာနည်၊
  “နိုင်ငံတော်သစ်ပုံဖော်ပြီ
  ခေတ်မီဖို့ အရေး။
  ပြည်ထောင်စုဒို့ဌာနီ
  သာစည်ဖို့အရေး။
  တိုင်းရင်းသားစည်းလုံးညီ
  ချစ်ကြည်ဖို့အရေး”။
  ဒီမိုကရေစီ ရေစီးကြောင်းကို
  လမ်းကောင်းဖော်ပေး။
- အမြဲပင် အစဉ်သဖြင့်
  အဆင်သင့်တာဝန်ကျေ၊
  အောင်စစ်သည်တွေ၊
  “ချီလေတဲ့ချီလေ
  သာစေဖို့ဆုတောင်း။
  ကြည်စေကွယ့်ကြည်စေ
  မာစေဖို့ဆုတောင်း။
  ဒီရေနဲ့ ဒီမြေ
  ဖြာဝေဖို့ ဆုတောင်း။”
  အောင်သပြေ ညောင်ရေသွန်းပါလို့
  ညွှန်းပြုပါကြောင်း။ ။

ရေနံ့သာ မောင်ကျော်ညွှန့်

နှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသော စစ်သံမှူးများအား နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး၌ကျင်းပသော ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးသော်ဇင် ခေါင်းဆောင်သည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် တပ်ခွဲမှူး ဗိုလ်မှူးသောင်းထိုက်ဦး ခေါင်းဆောင်သည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)တို့မှ တပ်မတော်သားများက အောင်ဇေယျစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ဆင်ဖြူရှင်စစ်ကြောင်း

ထို့အတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးစိုးမိုးကျော် ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများ ပါဝင်သော ဆင်ဖြူရှင်စစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ဝင်းမြင့် ခေါင်းဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးနေဝင်း ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးရဲမျိုးသန့် ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု ဆင်ဖြူရှင်စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဆင်ဖြူရှင်စစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးခင်မြင့်၊ တပ်ခွဲမှူး ဗိုလ်မှူးစိုးမိုးကျော် ခေါင်းဆောင်သည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးကြည်ထူး ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးထင်ဝင်းအောင် ခေါင်းဆောင်သည့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးရဲရင့်လွင် ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၄)တို့မှ တပ်မတော်သားများက ဆင်ဖြူရှင်စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ဗန္ဓုလစစ်ကြောင်း

အလားတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကျော်သိန်းဦး ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများပါဝင်သော ဗန္ဓုလစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီးအောင်ဇော်လတ် ခေါင်းဆောင်သည့် ဗန္ဓုလစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ချို ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးကိုကိုအောင် ခေါင်းဆောင်သည့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ဗန္ဓုလစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဗန္ဓုလစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးစိုးမင်းသူ၊ တပ်ခွဲမှူး ဗိုလ်မှူးသိန်းနိုင် ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးမင်းညွန့်ဦး ခေါင်းဆောင်သည့် အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်လတ်မင်း ခေါင်းဆောင်သည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး ဗိုလ်မှူးစိုးတင့် ခေါင်းဆောင်သည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၂) တို့မှ တပ်မတော်သားများက ဗန္ဓုလစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

မြဝတီစစ်ကြောင်း

ထို့အတူ အလံအဖွဲ့ခေါင်းဆောင် ရဲမှူးအောင်မိုးဦး ခေါင်းဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ကိုယ်စားပြု အလံများပါဝင်သော မြဝတီစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီးဇော်ဦး ခေါင်းဆောင်သည့် မြဝတီစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်ပြီး တပ်ခွဲမှူး ရဲမှူးမျိုးသူရနောင် ခေါင်းဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု မြဝတီစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ မြဝတီစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးဇော်ဇော်အောင်၊ တပ်ခွဲမှူး လက်ထောက်ညွှန်ကြားရေးမှူး ရဲဗလမျိုးဝင်း ခေါင်းဆောင်သည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဒုတိယတပ်ရင်းမှူးဇော်နိုင်သန့် ခေါင်းဆောင်သည့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးသော်တာထွေး ခေါင်းဆောင်သည့် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးနေမျိုးဝေ ခေါင်းဆောင်သည့် လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးအောင်ကျော်မိုး ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)တို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက မြဝတီစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ထိုကဲ့သို့ စစ်ကြောင်းကြီး ခုနစ်ကြောင်း၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၁၃၀၈၇ ဦးတို့သည် စုရပ်စစ်ရေးပြကွင်းမှစတင်၍ သတ်မှတ်အစီအစဉ်အတိုင်း တပ်ခွဲ တစ်ခွဲနှင့်တစ်ခွဲ ပေ ၅၀ စီနှင့် စစ်ကြောင်းတစ်ကြောင်းနှင့်တစ်ကြောင်း ပေ ၁၀၀ စီခြားကာ စစ်ရေးပြကွင်းကြီးဆီသို့ ဗာတိသွေး ဗာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေး သီဆိုကြကာ ချီတက်ကြသည်။

သောင်းသောင်းဖြဖြ

စစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက်၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးနှင့် ညွှန်ကြားရေးမှူးရုံးများမှ တပ်မတော်သားများနှင့် မိသားစုများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ စစ်ကြောင်းကြီးများတွင် ပါဝင်သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ မိသားစုများ၊ နေပြည်တော်တပ်နယ်မှ မိသားစုများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊သူနာပြုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ပြည်ထောင်စုအလံငယ်နှင့် တော်လှန်ရေးအလံငယ်များ ဝှေ့ယမ်း၍ လည်းကောင်း၊ အမွှေးနံ့သာများပက်ဖျန်း၍ လည်းကောင်း၊ ပန်းကုံးများစွပ်၍ လည်းကောင်း၊ အောင်သပြေပန်းများ ကမ်းလှမ်း၍ လည်းကောင်း သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းသို့ စစ်ကြောင်းကြီးများအလိုက် ဗာတိသွေး ဗာတိမာန် တက်ကြွဖွယ် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေး သီဆို၍ ချီတက်လာကြသော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့သည် အစီအစဉ်အတိုင်း စုရပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးအတွင်းသို့ မုခ်ဦးဝင်ဂိတ်မှ ဝင်ရောက်နေရာယူကြကာ နံနက် ၇ နာရီ မိနစ် ၂၀ တွင် အသင့်နေရာယူပြီးဖြစ်သည်။

ခရီးဦးကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း လိုက်ပါလျက် ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပရာ စစ်ရေးပြကွင်းကြီးသို့ နံနက် ၇ နာရီခွဲတွင် ရောက်ရှိလာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် (၆၃)နှစ်မြောက်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ခရီးဦးကြိုဆိုပြီး အခမ်းအနားကျင်းပရာ စစ်ရေးပြကွင်းကြီးအတွင်းရှိ စင်မြင့်သို့ ကြိုဆိုခေါ်ဆောင်လာသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စင်မြင့်ပေါ်၌ နေရာယူပြီးသည်နှင့် တစ်ပြိုင်နက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြပြီး စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တပ်ကိုအပ်သည်။

တပ်စစ်ဆေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မော်တော်ယာဉ်ဖြင့် တပ်ကို စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဗဟိုစစ်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုကြပြီး စစ်ကြောင်းကြီးများမှ (ကြည်း၊ ရေ၊ လေ) တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

မိန့်ခွန်းမြွက်ကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းမြွက်ကြားသည်။

(ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်းက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုရန် ခွင့်တောင်းခံသည်။

ပြန်လည်ချီတက်ထွက်ခွာ

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်း ဦးဆောင်သော စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြကာ စစ်ရေးပြကွင်းကြီးမုခ်ဦးဂိတ်မှ စုရပ် စစ်ရေးပြကွင်းသို့ စနစ်တကျ ပြန်လည်ချီတက် ထွက်ခွာသွားကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာသွားကာ နံနက် ၈ နာရီ မိနစ် ၄၀ တွင် ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

The Live News ဂျာနယ် အမှတ်(၇၇)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၇

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၇၇)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာနိုင်ငံ၏ ၂၀၉ ခုမြောက် ရေလှောင်တမံကြီး ဖွင့်လှစ်နိုင်၊ ကိုယ့်ကိုယ်ကို စာရေးဆရာလို့ မခံယူဘူးဆိုတဲ့ အဆိုတော် စာရေးဆရာမ ရွှေထိုက်၊ ထူးဆန်းသည့် အုန်းလက်အမြွှာ၊ တော်ဝင်မဂ္ဂဇင်းမှ ဦးတင့်ဆွေ၊ အလွယ်တကူ မလဲလှယ်သင့်သောအရာ၊ လမ်းပေါ်က အတွေးများ(၁၁) မိုးပျံလမ်းပေါ်က ကား၊ ရန်ကုန်တက္ကသိုလ်ကိုအကြောင်းပြုတဲ့ တက္ကသိုလ်ရိပ်သာလမ်း (University Avenue Road)၊ ကျွန်တော်ခေတ္တရာ အမှတ်(၅) အထကကျောင်းသား၊ အစဉ်အလာအရည်အသွေးနှင့် တပ်မတော်များ၊ အမေရိကန် ဒုံးပျံကာကွယ်ရေးအစီအစဉ် ရုရှားလက်မခံနိုင်သေး၊ သွေးခင်းလမ်း ကိုဆိုဗို၊ ကွန်ဒိုလီဇာရိုက်စ်ရဲ့ အသွားမတော်တစ်လှမ်း တောင်အမေရိက ခရီးစဉ်၊ အကြမ်းဖက်ခေါင်းဆောင်တစ်ဦး စင်ကာပူတွင် ခိုအောင်းလျက်ရှိ၊ မေထုန်မဲ့နည်းဖြင့် သုံးမြွှာပူးကလေးမွေးဖွား၊ တက္ကစီမင်းနှင့် ဥစ္စာစောင့်မလေး၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဆင်ဖြူကျွန်းအောင်သိန်း၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ဦးကို၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ သက္က(ခေတ္တရာ)၊သစ်လွင်မိုး၊ မောင်နေလင်း၊ ဆြာစန်းနှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ဆက်သွယ်နိုင်

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

၂၀၀၈ခုနှစ်(၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများအား ထောင်ပေါင်းများစွာသော ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် မတ် ၂၇

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်း ဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးသို့ချီတက်ကြရာ ထောင်ပေါင်းများစွာသော ပြည်သူများက လမ်းတစ်လျှောက်မှနေ၍ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ပန်းကုံးစွပ် ဂုဏ်ပြုကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။

(သတင်းစဉ်)

အောင်သပြေပန်းများကမ်းလှမ်း

ထိုသို့ ဂုဏ်ပြုကြိုဆိုကြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) တို့၏ ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၏ဇနီးများကလည်း ပြည်သူများနှင့်အတူ စစ်ရေးပြ စစ်ကြောင်းကြီးများတွင် ပါဝင်စစ်ရေးပြကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ပန်းကုံးများစွပ်၍လည်းကောင်း၊ အောင်သပြေပန်းများ ကမ်းလှမ်း၍လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ဂုဏ်ပြုကြိုဆို

ထို့အပြင် ထောင်ပေါင်းများစွာသော ပြည်သူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာန အသီးသီးတို့မှ အရာထမ်း၊ အမှုထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်မိသားစုများ၊ သူနာပြုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အောင်သပြေပန်းများ ကမ်းလှမ်း၍လည်းကောင်း၊ ပန်းကုံးများစွပ်၍လည်းကောင်း စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက်မှနေ၍ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်း ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။

(သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲကျင်းပ
ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်ဆုချီးမြှင့်

နေပြည်တော် မတ် ၂၇

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

ဆုချီးမြှင့်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် (၆၃)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ စစ်ရာထူးခန့်ချုပ်ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ အကောင်းဆုံးစစ်ရေးပြတပ်ခွဲ ရွေးချယ်ဆုချီးမြှင့်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်း ဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သား စစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင် စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့မှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများ၊ တပ်ခွဲမှူးများနှင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် လှမင်းနှင့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ဂုဏ်ပြုဆုရရှိကြသော မြန်မာနိုင်ငံကြက်ခြေနီအသင်း ကိုယ်စားပြုစစ်ရေးပြတပ်ခွဲနှင့် မြန်မာ နိုင်ငံမီးသတ်တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဆုများကိုပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ စစ်ရေးချုပ်ဗိုလ်ချုပ် သူရမြင့်အောင်က ဂုဏ်ပြုဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် စစ်ရေးပြတပ်ခွဲ တတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ဂုဏ်ပြုဆုရရှိသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း စစ်ရေးပြတပ်ခွဲ ပထမဆုရ သံချပ်ကာ ယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက စစ်ရေးပြတပ်ခွဲ ဒုတိယ ဆုရ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် စစ်ရေးပြ တပ်ခွဲ ပထမဆုရ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အလေးပြု

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် လှမင်းနှင့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့ဝင်များက အလေးပြုကြပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် ဂုဏ်ပြုဆုရရှိသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း စစ်ရေးပြတပ်ခွဲ ဒုတိယဆုရ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် ဘီးလင်းမြို့ မြင်သာတောင် သက္ကထူပသောဏ္ဏာယဆံတော်ရှင် ရွှေစေတီတော် ထီးတော်တင် ဗုဒ္ဓါဘိသေက မင်္ဂလာကျင်းပမည်

ရန်ကုန် မတ် ၂၇

မြတ်စွာဘုရား ဆံတော်ဓာတ်မြတ် ကိန်းဝပ်အပ်သော သက္ကထူပသောဏ္ဏာယ ဆံတော်ရှင်ရွှေစေတီတော်မြတ်ကြီးနှင့် အရံစေတီတော် ၆၅ ဆူတို့အား ရွှေထီးတော် တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားကို (၁၃၇၀ ပြည့်နှစ် နှစ်ဆန်း ၂ ရက်) ဧပြီ ၁၈ ရက် (သောကြာနေ့)၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဦးစိုးမင်းသန်း ဖုန်း-၀၅၇-၆၄၀၉၀ ဘီးလင်းမြို့နှင့် ဦးအုန်းကြိုင် ဖုန်း-၅၀၁၄၅၂ ရန်ကုန်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အလက(၃)စမ်းချောင်း မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၂၇

စမ်းချောင်းမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ ၁၉၈၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာဆရာမများအား ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင်ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူ ဟောင်းများအားလုံး တက်ရောက်ပြီး ဆရာကြီး ဆရာမကြီးများအား အတူတကွ ပူဇော်ကြရန်နှင့် အလှူငွေများကို ဦးနိုင်အောင် ဖုန်း-၀၉-၅၁-၇၄၀၂၉၊ ဦးစောညီညီလင်း ဖုန်း-၀၁-၅၉၀၂၀၂၊ ဦးကျော်သူဟိန်း ဖုန်း-၀၉-၅၀၆၁၇၈၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ် များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် မတ်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
(၃၀-၃-၂၀၀၈)ရက်နေ့
၂၀၀၈ ခုနှစ် ဧပြီလအတွက်
(၁၃-၄-၂၀၀၈)ရက်နေ့
နှင့်
(၂၇-၄-၂၀၀၈)ရက်နေ့

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများအား ထောင်ပေါင်းများစွာသော ပြည်သူများ ပန်းကုံးစွပ်ကြိုဆို

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ ချီတက်လာကြသော စစ်ကြောင်းကြီးများမှ တပ်မတော်သားများအား ထောင်ပေါင်းများစွာသောပြည်သူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးတို့မှ အရာထမ်း၊ အမှုထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ အသင်း အဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်မိသားစုများ၊ သူနာပြုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ ပန်းကုံးစွပ်၍ ဂုဏ်ပြုကြိုဆိုကြစဉ်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် ပထမပြန်စာမေးပွဲများသို့ သံဃာတော်များ ဝင်ရောက်ဖြေဆို

နေပြည်တော် မတ် ၂၇

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၀၈ခုနှစ် ပထမပြန်စာမေးပွဲများကို ပထမဆင့်အနေဖြင့် မတ် ၂၄ ရက်မှ ၃၁ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပဲခူးတိုင်း(အရှေ့ပိုင်း)၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့ရှိ စာဖြေဌာန ၁၇၂ဌာနတို့၌ ကျင်းပလျက်ရှိရာ မတ် ၂၆ ရက်တွင် ပထမငယ်တန်း၌ ၁၅၀၂၈ ပါး၊ ပထမလတ်တန်း၌ ၁၂၀၉၅ ပါးနှင့် ပထမကြီးတန်း၌ ၁၁၂၄၇ ပါး၊ စုစုပေါင်း အပါး ၃၈၃၇၀ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဆက်လက်ကျင်းပသွားမည်

ဒုတိယဆင့်အနေဖြင့် ကျန်ပြည်နယ်နှင့်တိုင်း ၁၀ ခုဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ရှိ စာဖြေဌာန ၆၅ ဌာနတို့တွင် ဧပြီ ၂ ရက်မှ ၉ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ပထမပြန်စာမေးပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် ပထမပြန် ဖြေဆိုစာရင်း

ရန်ကုန် မတ် ၂၇

စဉ်	ပြည်နယ်/တိုင်း	ဖြေဆိုစာရင်း			စုစုပေါင်း	မှတ်ချက်
		ပထမငယ်	ပထမလတ်	ပထမကြီး		
၁။	စစ်ကိုင်း	၂၄၃၄	၂၁၀၅	၂၀၁၂	၆၅၅၁	
၂။	ပဲခူး(အနောက်)	၆၃၈	၅၅၉	၄၆၉	၁၆၆၆	
၃။	ပဲခူး(အရှေ့)	၁၀၈၀	၉၄၆	၇၆၃	၂၇၈၉	
၄။	မကွေး	၁၀၇၆	၇၁၂	၅၂၄	၂၃၁၂	
၅။	မန္တလေး	၄၁၀၁	၃၆၉၉	၃၆၀၄	၁၁၄၀၄	
၆။	ရန်ကုန်	၃၆၆၅	၂၅၉၁	၂၆၁၈	၈၈၇၄	
၇။	ဧရာဝတီ	၂၀၃၄	၁၄၈၃	၁၂၅၇	၄၇၇၄	
	စုစုပေါင်း	၁၅၀၂၈	၁၂၀၉၅	၁၁၂၄၇	၃၈၃၇၀	

ဈေးဝယ်သူများအကြိုက် ပျော်ရွှင်စွာဝယ်ယူနိုင်မည့် သင်္ကြန်အကြို ဗိုလ်ချုပ်ဈေး ဈေးရောင်းပွဲတော်

သတင်းမှတ်စု– မိုးမြင့်လင်းလက် ■ ဓာတ်ပုံမှတ်တမ်း– တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၇

မြန်မာနိုင်ငံအနှံ့မှာ ဈေးရောင်းပွဲတော်တွေ ကျင်းပလာတာ ပြည်သူတွေအနေနဲ့ ကုန်ပစ္စည်းတွေ အလွယ်တကူ ဈေးနှုန်းချိုသာစွာ ဝယ်ယူသုံးစွဲနိုင်ခွင့်ရှိတာမို့ ကောင်းမွန်တဲ့ ဆောင်ရွက်မှုတစ်ခု ဖြစ်ပါတယ်။

ဈေးရောင်းပွဲတော်

အခုလည်း ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးမှာ "သင်္ကြန်အကြို ဗိုလ်ချုပ်ဈေး ဈေးပွဲတော်"လို့ အမည်ပေးထားတဲ့ ဈေးရောင်းပွဲတော်တစ်ခုကို မတ် ၂၈ ရက် **(ယနေ့)** မှ ဧပြီ ၁ ရက်အထိ ကျင်းပ ရောင်းချပေးနေပြီ ဖြစ်ပါတယ်။

စီစဉ်ထား

အဲဒီဈေးရောင်းပွဲတော် ခင်းကျင်းရောင်းချမှုနဲ့ ပတ်သက်ပြီး တာဝန်ယူကျင်းပတဲ့ Smart Business Group ရဲ့ ဒါရိုက်တာ မရွှေစင်ဝင်းနဲ့ တွေ့ဆုံမေးမြန်းတဲ့အခါ "ဒီဈေးရောင်းပွဲတော် ကျင်းပတာဟာ ပြည်သူတွေအနေနဲ့ သင်္ကြန်ပွဲတော်ကာလမှာ အသုံးပြုနိုင်မယ့် ပစ္စည်းတွေကို ဈေးနှုန်းသက်သက်သာသာနဲ့ ဝယ်ယူသုံးစွဲနိုင်အောင်လို့ စီစဉ်ပေးတာပါ" လို့ မရွှေစင်ဝင်းက ရှင်းပြပါတယ်။

ဒီဈေးရောင်းပွဲတော်မှာ ခင်းကျင်းရောင်းချနေတဲ့ ဆိုင်ခန်းအရေအတွက်နဲ့ ရောင်းချမယ့် ပစ္စည်းတွေကို မေးမြန်းတဲ့အခါ မရွှေစင်ဝင်းက "ဆိုင်အဖြစ် ဆောက်ပေးတဲ့ ဆိုင်ခန်းပေါင်း ၁၅၀ နဲ့ ဆိုင်နေရာပေါင်း ၁၀၀ ခန့် သတ်မှတ်ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ ဒီဆိုင်တွေမှာရောင်းချမယ့် ပစ္စည်းတွေကတော့ သင်္ကြန်ပွဲတော်

ဆိုင်ခန်းပေါင်း ၁၅၀နဲ့ ဆိုင်နေရာ ပေါင်း ၁၀၀ ခန့် ရောင်းချပေးသွားမှာပါ။
မရွှေစင်ဝင်း (ဒါရိုက်တာ)

နဲ့ ကိုက်ညီတဲ့ အဝတ်အထည်၊ အသုံးအဆောင် ပစ္စည်းတွေ၊ အလှကုန်နဲ့ အခြားလူသုံးကုန်ပစ္စည်းတွေ၊ စားသောက်ဆိုင်ခန်းတွေလည်း ပါဝင်ပါတယ်"လို့ ရှင်းပြပါတယ်။

အထူးဈေးနှုန်း

အခုဈေးရောင်းပွဲတော်မှာ ကုမ္ပဏီတွေရဲ့ ပစ္စည်းအရောင်းပြခန်းတွေ၊ ပုဂ္ဂလိကဆိုင်ခန်းတွေပါဝင်ပြီး အဲဒီဆိုင်တွေက အထူးဈေးနှုန်းတွေနဲ့ ရောင်းချပေးမယ့်အပြင် ဝယ်ယူသူတွေကို လက်ဆောင်ပေးမယ့် အစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။

ဒီဈေးရောင်းပွဲတော်ရဲ့ ဆိုင်ခန်းတွေ အခြေအနေကို မေးမြန်းတဲ့အခါ ဗိုလ်ချုပ်ဈေးမျက်နှာစာတစ်လျှောက်နဲ့ ဗိုလ်ချုပ်ဈေး ကားပတ်လမ်း၊ ဈေးအတွင်း ပတ်လမ်းတွေမှာ ဆိုင်တွေ ခင်းကျင်းပေးထားပြီး ဆိုင်ခန်းအကျယ်က ရှစ်ပေပတ်လည်နဲ့ ဆိုင်နေရာ တစ်ခုရဲ့ အကျယ်က ငါးပေပတ်လည်ရှိပါတယ်။ ဆိုင်ခန်းတွေ ဆောက်ပေးထားတာမို့ အသင့်ရောင်းချနိုင်အောင် အမိုးအကာနဲ့ လျှပ်စစ်မီးတွေ အပြည့်အစုံ ဖြည့်ဆည်းပေးထားပါတယ်လို့ မရွှေစင်ဝင်းက ဆက်လက်ရှင်းပြပါတယ်။

ဈေးနှုန်းသက်သာ

ဒါကြောင့် သင်္ကြန်အကြိုဗိုလ်ချုပ်ဈေး ဈေးပွဲတော်မှာ ဈေးနှုန်းသက်သာပြီး အမျိုးအစားမှန်တဲ့ ပစ္စည်းတွေကို အလွယ်တကူ ပျော်ပျော်ရွှင်ရွှင် ဝယ်ယူနိုင်ကြမှာ ဖြစ်ပါကြောင်း ဈေးဝယ်သူတွေအကြိုက် သတင်းစကား ဖြန့်ဝေပေးလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

မန်ယူ၊ ချယ်လ်ဆီး၊ အာဆင်နယ်နှင့် လီဗာပူးတို့သည် ...

ပြည်ပ အားကစားသတင်း

လန်ဒန် မတ် ၂၇

၂၀၀၇–၂၀၀၈ ပရီမီယာလိဂ်ဘောလုံးရာသီရဲ့ မာရသွန်ခရီးပန်းဝင်ချိန် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်ပါတယ်။ ရာသီအစမှာ မျက်နှာပန်းလှခဲ့တဲ့ ထိပ်တန်းအသင်းတွေလည်း ရာသီကုန်ချိန်မှာ ခြေယိုင်ခဲ့ပြီမို့ လက်ကျန်ပွဲစဉ်တွေ နိုင်ပွဲချည်းရဖို့ ခြေကုန်ဖွင့်ကစားနေရပြီ ဖြစ်ပါတယ်။

ပရီမီယာလိဂ်ထိပ်တန်း အသင်းကြီးတွေဖြစ်တဲ့ မန်ယူ၊ ချယ်လ်ဆီး၊ အာဆင်နယ်နဲ့ လီဗာပူးတို့ရဲ့အနေအထားကိုကြည့်ရင် ဒီနှစ် ပရီမီယာလိဂ်ဖလားဟာ ဘယ်အသင်းလက်ထဲ ရောက်သွားမလဲဆိုတာ အနီးအဝေး မြင်ကွင်းကို ချိန်ဆကြည့်လိုက်တဲ့အခါ....။

မန်ယူ

ပရီမီယာလိဂ်ဖလား လက်ရှိချန်ပီယံ မန်ယူအသင်းဟာ ဒီနှစ်ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်ပွဲစဉ် ၃၁ပွဲ ကစားပြီးချိန်မှာ ၂၃ပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံး၊ ရမှတ် ၇၃မှတ်နဲ့ တန်းစီဇယားထိပ်ဆုံးမှာ ဒုတိယနေရာက ချယ်လ်ဆီးနဲ့ငါးမှတ်ကွာပြီး ရပ်တည်နေပါတယ်။

မန်ယူရဲ့ ဘောလုံးသမားတွေ အနေအထားကို ကြည့်ရင် လက်ရှိအချိန်မှာ တိုက်စစ်အပိုင်းရော ခံစစ်အပိုင်းမှာပါ အကောင်းဆုံး ခြေစွမ်းပြနိုင်ကြပါတယ်။ မန်ယူတိုက်စစ်မှူးတွေဟာ ၃၁ပွဲကစားပြီးချိန်မှာ ၆၄ဂိုး သွင်းထားနိုင်သလို ခံစစ်ကြောင်းကလည်း ၁၅ဂိုးပဲအသွင်းခံထားရတာမို့ ကျစ်လျစ်မှုအကောင်းဆုံးပါပဲ။ မန်ယူရဲ့ ဒိုလေးက ၃၁ပွဲမှာ ၂၅ဂိုးသွင်းထားနိုင်လို့ ပရီမီယာလိဂ်ရဲ့ ဂိုးသွင်း အကောင်းဆုံးဆုကို ရယူနိုင်ဖို့ အလားအလာကောင်းနေပါတယ်။

မန်ယူအသင်းရဲ့ ပွဲလက်ကျန်တွေကို ကြည့်ရင် မတ် ၂၉ ရက် အိမ်ကွင်းမှာ ဗီလာနဲ့ ကစားရမယ့်ပွဲက မန်ယူတို့ သုံးမှတ်ပြည့်ရမယ့်ပွဲပါပဲ။ ဧပြီ၆ ရက်မှာ မန်ယူတို့ အဝေးကွင်းမှာ မစ်ဒယ်ဘရော့နဲ့ ကစားရမှာဖြစ်ပါတယ်။ အဲဒီပွဲမှာလည်း မန်ယူတို့ အမှတ်ပြည့် ရနိုင်ပါတယ်။ ဧပြီ ၁၃ ရက်ပွဲကတော့ မန်ယူကွင်းမှာ အာဆင်နယ်ကို လက်ခံ ကစားရမယ့်ပွဲပါ။ ဒီပွဲမှာ မန်ယူတို့နိုင်ပွဲရရင်တော့ ပရီမီယာလိဂ်ဖလားကိုရယူဖို့ အနီးကပ်ဆုံးအနေအထား ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ ဧပြီ ၁၉ ရက် အဝေးကွင်းမှာ မန်ယူဟာ ဘလက်ဘန်းနဲ့ ဆုံရမှာဖြစ်သလို ဧပြီ ၂၆ ရက်မှာ ချယ်လ်ဆီးနဲ့ အဝေးကွင်းမှာကစားမယ့် ပွဲတွေက ပွဲကျပ်တွေပါပဲ။ မေ ၃ ရက် အိမ်ကွင်းမှာ ဝက်စ်ဟမ်းနဲ့ ကစားရမယ့်ပွဲနဲ့ မေ ၁၁ ရက်မှာ ဝီဂန်နဲ့အဝေးကွင်းမှာ ကစားရမယ့်ပွဲတွေရှိပေမယ့် မန်ယူတို့ ချယ်လ်ဆီးကို အနိုင်ကစားနိုင်ခဲ့ရင် အဲဒီနှစ်ပွဲရဲ့ ရလဒ်က အရေးမပါတော့ဘဲ ပရီမီယာလိဂ်ဖလားကို သိမ်းပိုက်နိုင်မှာ ဖြစ်ပါတယ်။ လက်ရှိအနေအထားအရ ထိပ်တန်းလေးသင်းထဲမှ မန်ယူတို့ ဖလားရဖို့ အဖြစ်နိုင်ဆုံး အသင်းပါပဲ။

အာဆင်နယ် အားထားရသည့် အဒီဘာယော

အာဆင်နယ်အတွက် အားကိုးစရာ အဒီဘာယော။

ချယ်လ်ဆီး

ပွဲစဉ်(၃၁)ကစားပြီးချိန်မှာ ၆၈မှတ်နဲ့ မန်ယူအောက် ငါးမှတ်အကွာကို တက်လာတဲ့ ချယ်လ်ဆီးဟာ နိုင်ပွဲ ၂၀၊ သရေရှစ်ပွဲ၊ ရှုံးပွဲ သုံးပွဲ ပိုင်ဆိုင်ထားပြီး ထူးခြားတာက အိမ်ကွင်းတစ်ပွဲမှ ရှုံးပွဲ မရှိသေးပါဘူး။ ချယ်လ်ဆီးတိုက်စစ်မှူးတွေက ၃၁ပွဲမှာ ၅၅ဂိုးသွင်းထားပြီး ၂၃ဂိုးပေးထားရပါတယ်။ လက်ကျန်ပွဲတွေကိုကြည့်ရင် အိမ်ကွင်း လေးပွဲနဲ့ အဝေးကွင်း သုံးပွဲကစားရဦးမှာ ဖြစ်ပါတယ်။ အိမ်ကွင်း လေးပွဲက မတ် ၃၀ ရက်မှာ မစ်ဒယ်ဘရော့၊ ဧပြီ၁၄ရက်မှာ ဝီဂန် အသင်းနဲ့ ဧပြီ ၂၆ ရက်မှာ မန်ယူ၊ မေ ၁၁ ရက်မှာ ဘော်လ်တန်နဲ့ တွေ့ရမှာဖြစ်ပါတယ်။ ဒီပွဲတွေမှာ ချယ်လ်ဆီးတို့ပွဲတိုင်း အနိုင်မရနိုင်ပါဘူး။ အဝေးကွင်းပွဲတွေကတော့ ဧပြီ ၅ ရက်မှာ မန်စီးတီး၊ ဧပြီ ၁၉ ရက်မှာ အဲဗာတန်၊ မေ ၃ ရက်မှာ နယူးကာဆယ် အသင်းတွေနဲ့ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ဒီပွဲတွေမှာ မနှစ်က မန်ယူကိုသရေ၊ နယူးကာဆယ်ကို နှစ်ဂိုး–တစ်ဂိုးနဲ့ ရှုံးပြီး ဘော်လ်တန်နဲ့လည်း သရေပွဲဖြစ်ထားခဲ့တာတွေရှိတာမို့ မနှစ်ကထက် သရေပွဲများလာတဲ့ ချယ်လ်ဆီးဟာ ပရီမီယာလိဂ်ဖလားရဖို့ဆိုတာ ကံမျက်နှာသာ တစ်ဖက်စောင်းနင်းပေးမှရမယ့် သဘောပါပဲ။

ဒရော့ဘာ

ဂိုးတွေ ပြန်သွင်းပေးနေတဲ့ ဒရော့ဘာ။

အာဆင်နယ်

မန်ယူနဲ့ ချယ်လ်ဆီးတို့ထက် သရေပွဲအများဆုံးက အာဆင်နယ်ပါပဲ။ ပွဲစဉ် ၃၁ကစားပြီးချိန်မှာ အာဆင်နယ်ဟာ သရေ ၁၀ပွဲနဲ့ ရှုံးပွဲနှစ်ပွဲရှိထားပြီး နိုင်ပွဲက ၁၉ပွဲဖြစ်ပါတယ်။ တိုက်စစ်အပိုင်းမှာ ကျန်အသင်းတွေကို ယှဉ်နိုင်ပေမယ့် ခံစစ်ပိုင်းက တဖြည်းဖြည်း အားနည်းလာပြီး ဂိုးတွေပေးလာရပါတယ်။ ထူးခြားတာက အိမ်ကွင်းရှုံးပွဲ မရှိသေးတာပါပဲ။ အာဆင်နယ်ရဲ့ လက်ကျန်ပွဲတွေကြည့်ရင် အိမ်ကွင်းမှာ လီဗာပူး၊ ရက်ဒင်း၊ အဲဗာတန်တို့နဲ့ ကစားရမှာ ဖြစ်ပြီး အဝေးကွင်းမှာ ဘော်လ်တန်၊ မန်ယူ၊ ဒါဘီ၊ ဆန်းဒါးလန်းတို့နဲ့ ကစားရမှာဖြစ်ပါတယ်။ မနှစ်ကရလဒ်

မန်ယူ တိုက်စစ်မှူး

မန်ယူအတွက် ဖလား ရရှိရေး အဓိက စွမ်းဆောင် ပေး နေသည့် စီရိုနယ်ဒို။

တွေကိုကြည့်ရင် အဝေးကွင်းမှာ မန်ယူကို တစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ကစားသလို အိမ်ကွင်းမှာ လီဗာပူးကို သုံးဂိုးပြတ်နိုင်ခဲ့ပေမယ့် အဲဗာတန်ကို အိမ်ကွင်းမှာ တစ်ဂိုးစီသရေကျခဲ့တာကလွဲပြီး ကျန်အသင်းတွေအားလုံး အနိုင်ရခဲ့တာတွေ့ရပါတယ်။ ဒါကြောင့် လက်ကျန်ပွဲခုနစ်ပွဲမှာ မန်ယူနဲ့ ချယ်လ်ဆီးတို့ထက် အာဆင်နယ်က ပွဲချောင်နေတာမို့ မန်ယူတို့အမှားအယွင်းတွေ ဖြစ်ရင်တော့ အာဆင်နယ်တို့ ဖလားကို မျှော်မှန်းနိုင်ပါသေးတယ်။

လီဗာပူး

ပရီမီယာလိဂ်ပွဲစဉ်(၃၁) ကစားပြီးချိန်မှာ လီဗာပူးဟာ ထိပ်ဆုံးက မန်ယူနဲ့ပွဲတူ ၁၄မှတ်ကွာနေပါတယ်။ ပရီမီယာလိဂ်ဖလားကို ရရှိဖို့အား အခွင့်အရေးအနည်းဆုံး ဖြစ်နေပေမယ့် ဘင်နီတက်ဇ်ကလည်း မလျော့တဲ့ဖွဲ့နဲ့ ပရီမီယာလိဂ်ဖလားရယူရေး ကြိုးဝိုင်းထဲက မထွက်သေးပါဘူး။ ဒါပေမယ့် လီဗာပူးဟာ ဒီနှစ်ကစားအားကျဆင်းနေပြီး ရလဒ်တွေကလည်း သရေပွဲတွေ များနေတာမို့ မလွယ်ပါဘူး။

လီဗာပူးရဲ့ လက်ကျန်ပွဲတွေကိုကြည့်ရင် အိမ်ကွင်းမှာ အဲဗာတန်၊ ဘလက်ဘန်း၊ မန်စီးတီးအသင်းတွေနဲ့ ကစားရမှာဖြစ်ပြီး ဒီပွဲတွေမှာ လီဗာပူးတို့ အမှတ်ပြည့် မရနိုင်ပါဘူး။ အဝေးကွင်းမှာ စပါး၊ ဖူလ်ဟမ်၊ အာဆင်နယ်နဲ့ ဘာမင်ဂမ် တို့ပွဲတွေမှာလည်း စပါး၊ အာဆင်နယ်တို့နဲ့ ကစားရင် လီဗာပူးတို့ သိပ်လွယ်မှာ မဟုတ်တာမို့ ဒီနှစ် ပရီမီယာလိဂ်ဖလားကို လီဗာပူးတို့ရဖို့ အိပ်မက် အကောင်အထည် ပေါ်နိုင်ဖွယ်မရှိနိုင်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

မောင်မောင်မြင့်ဆွေ

ပဲခူးဟသ်ာကုန်းစေတီ တောင်ဘက်စောင်းတန်း တည်ဆောက်ရေးအလှူငွေ ပေးအပ်ပွဲကျင်းပ

ပဲခူး မတ် ၂၀

ပဲခူးမြို့ သမိုင်းဝင် ဟသ်ာကုန်းစေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းသစ် တည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ်၁၆ရက်က ဂေါပကအဖွဲ့ရုံးခန်း၌ ကျင်းပသည်။

ပဲခူးမြို့ ရှင်စောပုရပ်ကွက် ၃၃ လမ်း၊ အမှတ်၂၄၁နေ တရားရုံးချုပ်ရှေ့နေ ဦးအောင်ခင်-ဒေါ်ညိုညို၊ သား ဦးအောင်ကိုကို-ဒေါ်ရင်သန်း၊ သမီး ထွေးစုစုချစ်၊ သား ကောင်းမြတ်အောင်ခင်တို့က နှစ်ဖက်သောမိဘများအား အမျှထား၍ အလှူငွေကျပ်၂၅၀၀၀၀ကို ဂေါပကအဖွဲ့ထံ လှူဒါန်းသည်။(ဓါတ်ပုံ)

လှူဒါန်းလိုသူ ကုသိုလ်ရှင်များသည် အောက်ဘုံဆောင်ကြီးအတွက် ငွေကျပ်သိန်း ၁၀၀၊ အလယ်ဘုံဆောင်အတွက် ငွေကျပ်သိန်း၁၀၀နှင့် စောင်းတန်းတစ်ခန်းလျှင် ငွေကျပ်၂၅၀၀၀၀နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၂-၂၁၈၉၇သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၀၆၀)

ချောင်းဆုံ၌ စာကြည့်တိုက် အဆောက်အအုံဖွင့်လှစ်

ချောင်းဆုံ မတ် ၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ် ပေါ်ထွန်းရေး ညှိနှိုင်းဆွေးနွေးခြင်းကို ဇန်နဝါရီ ၂၁ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က စီမံချက်ကာလအတွင်း စာကြည့်တိုက်အမြန်ဆုံး ဖြစ်ပေါ်လာရေး ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက မြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာချင်း ဥက္ကဋ္ဌများနှင့် စာကြည့်တိုက် အခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များကိုညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရန်ကင်းပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်းအတွက် ကျောက်မြောင်း ဒဂုံသီရိလမ်း ၉၁/ဘီနေ (ဖခင်ကြီးဦးခင်မောင်)အား ရည်စူး၍ ဒေါ်တင်အေး သားသမီး မြေးတစ်စုက ငွေကျပ်တစ်သိန်းတစ်သောင်း လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရ (သီတဂူကြာတစ်ပွင့်)က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (၁၁၇)

တီဘီရောဂါတိုက်ဖျက်ရေး ရေဦး၌ဆွေးနွေး

ရေဦး မတ် ၂၅

ရေဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း စီမံချက် အကြိုဆန်းစစ်ဆွေးနွေးပွဲကို မတ် ၁၈ရက်က မြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

ဆက်လက်၍ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းက တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်း စီမံချက်၊ ဦးတည်အုပ်စု လုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ မကျင်းပမီ အကြိုဆန်းစစ်ဆွေးနွေးပွဲကို ကျင်းပရခြင်း ဖြစ်ကြောင်းနှင့် ကျင်းပရသည့် ရည်ရွယ်ချက်၊ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် မြို့မကျန်းမာရေးမှူး ဦးလွင်မိုးဇော်၊ မုံတိုင်ပင် ကျန်းမာရေးမှူး ဦးသန်းထိုက်အောင်နှင့် အကြိုဆန်းစစ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျန်းမာရေးဝန်ထမ်း ဆရာ၊ ဆရာမများ၊ တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသောဆရာ၊ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ပါဝင်ဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်ရေပေးရေး ဝိုင်းမော်၌ ဆောင်ရွက်

ဝိုင်းမော် မတ် ၁၆

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ရေပေးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိရာ လက်ထောက်အင်ဂျင်နီယာ ဦးသန်းထွန်းဝင်း တာဝန်ယူ၍အောင်မြေ(၂) ကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်း၊ ရေစင်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းများ ဆောင်ရွက်မှုကို မတ် ၄ရက်က အမှုဆောင်အရာရှိ ဦးငွေလွင်စိုး ကွင်းဆင်းကြပ်မတ်ခဲ့သည်။ (၀၀၁)

အမြို့မြို့အနယ်နယ် သတင်းများ

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သံဖြူဇရပ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကိုင်းကျေးရွာ လေးလက်မ စက်ရေတွင်း ဖွင့်ပွဲကို မတ်၂၁ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့်နှစ်ကိုင်းကျေးရွာ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်အမှတ်၇ရပ်ကွက် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် မန်းဝင်းမောင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ်၁၂ရက်က ကျင်းပရာ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဦးခင်အောင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီ တရားပွဲ

ရန်ကုန် မတ် ၂၇

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသိင်္ဂီပျော်ဘွယ် ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသိင်္ဂီပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာတို့၏ ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ ပြည်တွင်းပြည်ပ သာသနာပြုဓမ္မကထိက ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီသည် ဧပြီ၂ရက်ညတွင် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်း အပိုင်း၃ အထူးတရားပွဲ၊ ဧပြီ၅ရက်ညတွင် ဦးဝင်းနိုင်ထွန်း-ဒေါ်မျိုးထွေးအောင် ရွှေအမွှာစိန်ရောင်းဝယ်ရေး ဗိုလ်ချုပ်ဈေး ရန်ကုန်မိသားစုတို့၏ မလှိုင်မြို့ ရှင်ပြုအလှူအကြိုတရားပွဲ၊ ၆ရက်ညတွင်အင်းစိန်ရွာမ အနောက်ရပ်ကွက်ဆုတောင်းပြည့်မင်းစေတီဗုဒ္ဓပူဇနီယအကြိုတရားပွဲ၊ ၇ရက်မွန်းလွဲပိုင်းတွင် ရွှေပြည်သာအထက(၃) တရားပွဲ၊ ညပိုင်းတွင် မင်းစေတီတရားပွဲ၊ ၈ရက်ညတွင် ရွှေပြည်သာအထက(၃)တရားပွဲ၊ ၉ရက်မွန်းလွဲပိုင်းတွင် ရွှေပြည်သာအထက(၃) တရားပွဲ၊ ၁၀ရက်တွင် ရွှေပြည်သာအထက(၃) တရားပွဲ၊ ၁၁ရက်ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်သူ့ ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန ဒုလ္လဘရဟန်းခံတရားပွဲ၊ ၁၂ရက်မှ၁၆ရက် အထိ မင်္ဂလာဒုံ ဓမ္မသိင်္ဂီပျော်ဘွယ်ပဋိပတ္တိသာသနာ့ရိပ်သာသင်္ကြန်တွင်းတရားပွဲများ၊ ၁၇ရက်မှ ၁၉ရက်အထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)၃၅ရပ်ကွက် ညီမူရာဓမ္မာရုံအထူးတရားပွဲ၊ ၂၅ရက်ညတွင် မြောက်ဥက္ကလာပမြို့နယ် ၂ရပ်ကွက် ယုဇနဆွမ်းလောင်း ဓမ္မာရုံ နှစ်ဦးအထူးတရားပွဲနှင့် ၃၀ရက်ညတွင် ကျိုက်ထီးရိုးရင်ပြင်၌ အထူးတရားပွဲများကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သည့် ဝါးရုံပင်ကျေးရွာတွင် ရေဂါလန်၃၀၀၀ဆံ့ ရေကန်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး ကောလင်း၌ဟောပြော

ကောလင်း မတ် ၁၅

စစ်ကိုင်းတိုင်း ကသာခရိုင် ကောလင်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲ အခမ်းအနားကို မြို့နယ်မီးသတ်ဦးစီးဌာန၌ မတ် ၉ရက်က ကျင်းပသည်။

အခမ်းအနားတွင် မီးငြိမ်းသတ်ခြင်းကို သရုပ်ပြသပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဌေးမြင့်က မီးလောင်မှုဖြစ်ပွားရခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာအကြောင်း အသိပညာပေးဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

ကြည့်ရှုစစ်ဆေး

မတ် ၁၀ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစည်သူနှင့် အဖွဲ့ဝင်များ ဒီမော့ဆိုမြို့ မြို့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ငုပလောဆည်အတွင်း ရေဝင်ရေထွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် ဝိဇ္ဇာလမ်း မူလဟံသာဝတီ ကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်း သာသနာ့ဝိပုလကာရီ သိမ်ကျောင်း ဆောက်လုပ်နိုင်ရန်အတွက် မတည်အလှူရှင်ဖြစ်သော ကချင်ပြည်နယ် ဖားကန့်မြို့နယ် အေးမြသာယာအုပ်စု ရှရော်ခ-ရဝမ်ကုန်းရွာနေ နှစ်ဖက်သော မိဘများအားအမှူးထား၍ ကိုစူပါစိုး(ခ)ကိုစိုးဦး-မအေးပွင့် မိသားစုက ဆရာတော် ဦးနန္ဒပါလ(ယောဟ)ထံ အလှူငွေကျပ်နှစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မိုးညှင်း မြို့မဈေးကြီး မီးဘေးလုံခြုံရေးဆောင်ရွက်

မိုးညှင်း မတ် ၁၈

မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ ကျန်းမာရေးနှင့် မီးဘေးလုံခြုံရေးအတွက် ဈေးတည်ခင်းရောင်းချမှု စည်းကမ်းတကျရှိစေရေး၊ ဈေးကြီးများအတွင်း ဈေးဆိုင်ခန်းများတွင် အမှိုက်ပုံးများ ထားရှိသုံးစွဲရေး၊ မီးဘေးလုံခြုံရေးတို့နှင့် ပတ်သက်၍ ဦးစီးအရာရှိ ဒေါ်ငွန်ကီး၊ ဒုတိယဦးစီးမှူး(ဈေး)ဦးတင်ကိုလွင်နှင့် ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်များနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များက နေ့စဉ်ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စဉ့်ကူး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော လက်ပန်လှ ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် အမှုဆောင်အရာရှိဦးတင်အောင်သန်း တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။(မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ကျိုက်မရော၌ ကတ္တရာလမ်းဖွင့်

ကျိုက်မရော မတ် ၂၄

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သည့် ဆန်ဝက်လမ်း ကတ္တရာလမ်းဖွင့်ပွဲကို မတ် ၂၃ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဦးဌေးမြင့်ဦး၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် ရန်မျိုးအောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဇော်တို့က ဖဲကြိုးဖြတ်၍ ကတ္တရာလမ်းကို ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အဆိုပါလမ်းမှာ အရှည်၉၆၃ပေ၊ အကျယ်၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၆၅၇၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှိုက်များ စနစ်တကျ စွန့်ပစ်စေရေးအတွက် စက်ယန္တရားများဖြင့် ဆောင်ရွက်ရာသို့ ဖေဖော်ဝါရီ၁၀ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစည်သူ ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောနိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့နယ် ရူဝံစာကြည့်တိုက်သို့ မီးစက်နှင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

မော်လမြိုင် မတ် ၁၅

မော်လမြိုင်မြို့နယ် မောင်ငံရပ်ကွက် ရူဝံစာကြည့်တိုက်သို့ မီးစက်နှင့် စာအုပ်လှူဒါန်းပွဲကို မတ် ၂ ရက်က ရူဝံစာကြည့်တိုက်၌ကျင်းပရာ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် ဦးစီးအရာရှိများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ အလှူရှင်ဦးစိန်မြင့် တိုင်းရောင်းဝယ်ရေးအရာရှိ (ရေနံ)က တန်ဖိုးငွေကျပ်ကိုးသောင်းတန် မီးစက်တစ်လုံးနှင့် မဂ္ဂဇင်းမျိုးစုံကိုလည်းကောင်း၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းကြည်က သုတ၊ ရသ စာအုပ်မျိုးစုံကို လည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဦးဟန်ငြိမ်းက အလှူငွေကျပ် တစ်သောင်းကို လည်းကောင်း၊ မော်လမြိုင် ပညာရေး ကောလိပ်

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော လှည်းကူးမြို့ ပြည်တော်သာရပ်ကွက်ရေစင်လမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်နေမှုကို မတ် ၅ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မူဆယ်မြို့တွင် မီးသတ်ဆေးဘူးအသုံးပြုမှု သရုပ်ပြ

မူဆယ် မတ် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး မီးငြိမ်းသတ်ရေးစွမ်းရည်ပြပွဲနှင့် မီးသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြုပုံ သရုပ်ပြရှင်းလင်းပွဲကို မတ် ၁ ရက်က ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

သရုပ်ပြရှင်းလင်း

ရှေးဦးစွာ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်မှုစွမ်းရည်များပြသကြသည်။ ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးဝင်းညွှန့်က မီးသတ်ဆေးဘူးများ လက်တွေ့ကိုင်တွယ် အသုံးပြုမှုကို သရုပ်ပြရှင်းလင်းပြသခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

အရာရှိ(ရေနံ)နှင့်အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရူဝံစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဒေါ်နန်းတင်ရီက စာကြည့်တိုက် ဖြစ်ပေါ်လာရခြင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မီးစက်၊ စာအုပ်များနှင့် ငွေလှူဒါန်းခြင်းကို ကျင်းပရာ အလှူရှင် ဦးစိန်မြင့် တိုင်းရောင်းဝယ်ကျောင်းအုပ်ကြီး (တာဝန်ခံ) ဒေါ်ဆိုဖီက စာနယ်ဇင်းတန်ဖိုးငွေကျပ် တစ်နှစ်စာကို လည်းကောင်း၊ IVY လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးအောင်အောင်က ငွေကျပ်လေးသောင်းတန်ဖိုးရှိ စာအုပ်စင်နှစ်ခုကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီကိုယ်စား အိုးအိမ်ဦးစီးဌာနမှူး ဦးမောင်မောင်အောင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှု ပညာပေး

ကန့်ဘလူ မတ် ၅

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှုအသိပညာပေး ဟောပြောပွဲ အခမ်းအနားကို မြို့နယ်ခန်းမ၌ ဖေဖော်ဝါရီ ၅ရက်က ကျင်းပသည်။

အခမ်းအနားတွင် စာရေးဆရာ ဒါရိုက်တာ ဇွန်မောင်မောင်နှင့် မောင်လွမ်းနွယ်(အောင်လံ)တို့က ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုပညာပေးခြင်း၊ ၎င်းကြက်ဆူစေ့ အဖိုအမခွဲခြားခြင်း၊ မြေရွေးခြင်း၊ မြေဩဇာကျွေးခြင်းနည်းများကို လည်းကောင်း ခြံစည်းရိုးကြက်ဆူပင်မှ ဘိုင်အိုဒီဇယ် အသုံးပြုမှု ကမ္ဘာတွင် တွင်ကျယ်နေကြောင်း၊ မြန်မာနိုင်ငံတွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း စသည့်အသိပညာပေးမှုများ၊ ကမ္ဘာတွင် ပီလောပီနံ၊ ကြံ၊ ပြောင်းဖူးစသည့်တို့မှ ဘိုင်အိုဒီဇယ်များ ထုတ်လုပ်အသုံးပြုလျက်ရှိကြောင်း၊ ပြောင်းဖူးကို ဆီသန့်ထုတ်လုပ်ခြင်းတွင် လည်းကောင်း၊ ခြံစည်းရိုးကြက်ဆူမှာ ရေကြိုက်ကြောင်း၊ အမြစ်ရေဝပ်လျှင် မနှစ်သက်ကြောင်း၊ အရိပ်ကြီးအောက်တွင်လည်း မနှစ်သက်ကြောင်း စသည်ဖြင့် ဟောပြောကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မတ် ၂၁ ရက်က ဒိုက်ဦးမြို့ ကောလိယခန်းမ၌ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဦးလေးက အနေးယာဉ်လုပ်သားများအား တွေ့ဆုံ၍ အနေးယာဉ် စည်းကမ်းများနှင့် လမ်းစည်းကမ်းများကို ဖတ်ကြားရှင်းလင်း ဆွေးနွေးစဉ်။ (က-ပ)

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၀၈ ခုနှစ် ဧပြီ ၁ ရက် (အင်္ဂါနေ့)သည် ဘဏ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အထက(၂) နဝမတန်း (B-7) မှ မဆွေဆွေ၏ ဖခင်အမည်မှန်မှာ ဦးဂုတာ ၁/မကန(နိုင်)၀၈၆၆၂၄ ဖြစ်ပါသည်။



အမည်ပြည့်စွက်ခေါ်ပါရန်

ဦးတင်မြင့်ဦး၏ သမီးများဖြစ်သော မအေးမြတ်စံ ၁၂/တမန(နိုင်)၁၀၇၇၅၉ အား မအေးမြတ်စံ(ခ) မကေရီမင်းဟုလည်းကောင်း၊ သတ္တမတန်း(က) လေ့ကျင့်ရေး အလယ်တန်းကျောင်း ရန်ကင်းမှ မထားအိလွင်အား မထားအိလွင်(ခ)မစိုးဣန္ဒာမင်းဟုလည်းကောင်း ဖြည့်စွက်ခေါ်ပါရန်။

မကေရီမင်း၊ မစိုးဣန္ဒာမင်း။

အမည်ပြောင်း

အဖဦးဂုတာ၏သမီး မြစ်ကြီးနားမြို့ အထက(၂)နဝမတန်း(B-7)မှ မဆွေဆွေအား မနှင်းပန်းဖြူဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

အဖဦးအားဝူ၏သား မြစ်ကြီးနားမြို့ အလက(၃)သတ္တမတန်း(ခ)မှ မောင်ပီတာအား မောင်လာဖေဖူးဟု ပြောင်းလဲခေါ်ပါရန်။

ကျေးဇူးဆပ်ပါမည်

ဦးတင်မြင့် ၉/ပမန(နိုင်) ၀၉၈၁၃၉၏ မြေကွက်အမှတ် ၆၃၁ပေါင်းလောင်း (၂)ရပ်ကွက် နေပြည်တော် ပျဉ်းမနား (မူရင်းပိုင်ရှင်ဒေါ်မြသိန်း)စာချုပ်များနှင့် စာရွက်စာတမ်းများ ၈-၃-၂၀၀၈ ရက်တွင် နေပြည်တော် ပျဉ်းမနားနှင့် နေပြည်တော် တပ်ကုန်းကြားတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၀၆၇-၄၁၆၅၃၁။**

မီးဘေးကြိုတင်ကာကွယ်ရေး မအူပင်၌ သရုပ်ပြ

မအူပင် မတ် ၂၆

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် သရုပ်ပြသခြင်းကို မတ် ၂၃ရက် မွန်းလွဲ ၂နာရီခွဲက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးမင်းထွန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်အေးတို့က ကြီးကြပ်ပြီး ဈေးသူဈေးသားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

အင်းတကော်ကျေးရွာ ဗုဒ္ဓါဘိသေကမင်္ဂလာအနေကဇာတင်ပွဲနှင့် ဇနိတာရာမကျောင်းတော်ကြီး ရေစက်ချမင်္ဂလာကျင်းပမည်

ရန်ကုန် မတ် ၂၇

ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော် ကျေးရွာအုပ်စု တောင်ကြီးကွဲ ကျေးရွာ ကြက်မောက်ကုန်း တောင်ပေါ်ရှိ မိုးကုတ်ဝိပဿနာ ဇနိတာရာမ ကျောင်းတိုက်ကြီးအတွင်း၌ အများစုပေါင်း လှူဒါန်းငွေဖြင့် ဆောက်လုပ်ပြီးစီးသွားသော ပဓာနနာယက ကျောင်းတော်ကြီး ရေစက်ချမင်္ဂလာကျင်းပမည်ဖြစ်ရာ အလှူရှင်များသည် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ အထက်ပါ ကျောင်းတိုက်ကြီးသို့(၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက်)မတ် ၂၉ရက် (စနေနေ့)နံနက် ၈ နာရီအရောက် လာရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

မတ် ၆ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဗိုလ်တထောင် မြို့နယ်ရုံးနှင့် အမှတ်(၇)ရပ်ကွက် စာပန်းအိမ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် နယ်လှည့်စာကြည့်တိုက်ဟောပြောပွဲနှင့်စာဖတ်ဝိုင်းကျင်းပရာ စာပန်းအိမ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်သန်းနွဲ့ ကလှူဒါန်းရာ အမှတ် (၇)ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်ဋ္ဌေးက လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်အန္တရာယ် ကင်းရှင်းရေးစစ်ဆေး

မြိတ် မတ် ၂၁

ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ ခရီးသွားရောက်နိုင်ရေး၊ ယာဉ်မတော်တဆ ဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနတို့ ပူးပေါင်းလျက် မတ် ၇ ရက်က မြိတ်-ကျွဲကူးကျောက်ဖျာ တံတား အဝေးပြေးဂိတ်တွင် အဝေးပြေး မော်တော်ယာဉ်များကို စစ်ဆေးမှုပြုလုပ်ကြသည်။

ယင်းမော်တော်ယာဉ်စစ်ဆေး ဆောင်ရွက်ရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသိန်းဟန်-၁၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်မင်းနှင့် ဒုရဲမှူး အောင်ဘာလေတို့ ပူးပေါင်း၍ ယာဉ်စည်းကမ်းနှင့် ကိုက်ညီမှုရှိမရှိ၊ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်နောက်လိုက်လိုင်စင်၊ ယာဉ်များ ကြံ့ခိုင်မှု အနေအထားများကို စစ်ဆေးကြသည်။

ဖြန့်ဝေပေးခဲ့

ထို့နောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းဆွေးနွေးပြီး အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေးအတွက် ပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

အလားတူ စစ်ဆေးဆောင်ရွက်မှုများကို ဖေဖော်ဝါရီ ၂၃ ရက်က တစ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဆေးပေးခန်း လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ဝန်းသို မတ် ၂

ကသာခရိုင် ဝန်းသိုမြို့နယ် တောင်ကုန်းအုပ်စု တောင်ကုန်းကျေးရွာ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းအား ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကိုဖေဖော်ဝါရီ ၉ရက်က အဆိုပါ ဆေးပေးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဥက္ကဋ္ဌ ဦးအောင်မိုးဦးက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစုစုကြည်က ကျေးဇူးတင်စကားပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ဝင်္ဂဘော်တံတား ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပရာ ပဲခူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဋ္ဌေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဝင်းနှင့် တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၀၅၃)

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပျိုးဥယျာဉ်အတွင်း မိုးရာသီမြေချ စိုက်ပျိုးရေးအတွက် ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို မတ် ၁၂ ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးပြည်စိုးဝင်းကျော်တို့က ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကျန်းမာရေးနှင့် ညီညွတ်မှုရှိ မရှိ ကလေးမြို့၌ ကွင်းဆင်းစစ်ဆေး

ကလေး မတ် ၉

ကလေးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ဆွေ ဦးဆောင်လျက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ကိုယ်စားလှယ်များနှင့် ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(စည်းကမ်း) ဦးအေးမင်းထွန်းပါဝင်သည့်အဖွဲ့သည် ကလေးမြို့ပေါ်ရှိ စားသောက်ဆိုင်များအား ကျန်းမာရေးနှင့်ညီညွတ်မှုရှိမရှိ၊ သန့်ရှင်းသပ်ရပ်စွာရောင်းချခြင်းရှိ မရှိကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (၀၃၆)

(၆၃)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား နေပြည်တော်စစ်ရေးပြကွင်းကြီး၌ ကျင်းပ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်းမြွက်ကြား

စစ်ကြောင်းကြီးခုနစ်ကြောင်း ချီတက်အလေးပြု၊ တပ်မတော်နေ့မိန့်ခွန်းနာခံ

နေပြည်တော် မတ် ၂၇

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူလက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပအဖျက်သမားများကို ပြည်သူတို့နှင့်အတူလက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေးဟူသည့် ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များနှင့်အညီ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး၌ ကျင်းပသော ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ မိန့်ခွန်းမြွက်ကြားသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ■

ချီတက် အလေးပြု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တပ်မတော်နေ့အထိမ်းအမှတ် ညစ်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတည်ခင်း

နေပြည်တော် မတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းညစ်ခံသည့် ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ညစ်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ကျင်းပသည်။

ရောက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ညစ်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရာ ဘုရင့်နောင်ရိပ်သာသို့ ည ၇ နာရီတွင် ရောက်ရှိလာကြသည်။

တည်ခင်းညစ်ခံ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ *စာမျက်နှာ ၃ ကော်လံ ၁* ✻

28-3 (20) 1 3/28/08, 1:02 AM